# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုအနည်းငယ်ပြုဖန်များသော်**
**ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါဠိ(ဓမ္မပဒ-၁၂၂)


၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်၊ သောကြာနေ့။ Friday, 11 April 2025 ၁၁၇၈၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဟိုတယ်အောင်ပန်းတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် အောင်ပန်းမြို့အတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ကလောမြို့သာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် ဧပြီ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် အောင်ပန်းမြို့အတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ကလောမြို့သာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဟိုတယ်အောင်ပန်းသို့ ရောက်ရှိကြပြီး ဟိုတယ်အောင်ပန်းတွင် ကူညီကယ်ဆယ်ရေးလုပ်ဆောင်မှုများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြား၍ ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်နေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်စဉ် လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

## ယနေ့ ဖတ်စရာ


မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ ကာဇက်စတန်နိုင်ငံက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ စာမျက်နှာ » ၆

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ စာမျက်နှာ » ၁၄

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက် စာမျက်နှာ » ၁၅

# နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား စသည့် ကုန်မျိုးစုံများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လျောက်ဇာသင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ဆယ်နှစ်ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးကြောင်း သိရသည်။



မတ် ၃၀ ရက်မှ မေ ၁၀ ရက်အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့ (မနောသုခ-Export Quality) ၈ ၂၂၅ အိတ်၊ ဆန်ငါးပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) ၁၈၃၀၊ ဆီပိဿာ ၁၈၉၅၀ ၊ ဆား ၅၀ ကျပ်သားပါအိတ် ၁၇၀၀၊ ဆား ၂၅ ကျပ်သားပါအိတ် ၃၄၇၁ အိတ်၊ ငါးပိ ၂၀ ကျပ်သားပါဘူး ၁၀၄၀၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၃၉၅၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်သည်။

အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့(မနောသုခ) ၃၅၂ အိတ်၊ စားအုန်းဆီပိဿာ ၂၄၂၀၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန်၂၄ ပြည်ဆံ့ (ရွှေဝါထွန်း) ၂၀၆ အိတ်၊ စားအုန်းဆီ ၃၁၃၃ ပိဿာ၊ ကြက်ဥ အလုံး ၄၃၆၀၊ ကြက်သွန်နီ ပိဿာ ၄၅၀၊ အသားတု ၁၅ ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၀ - ၄ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၆၂၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၄ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၉၀၀ | ၆,၉၀၀ | ၃၉၉ | ၂,၇၅၇,၈၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၅၀ | ၃,၁၁၅ | ၉,၁၉၀,၇၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၈၀ | ၁၄၄,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၁,၅၀၀ | ၁,၅၀၀ | ၃၀၆ | ၄၅၉,၀၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၀ | ၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၉၆၅ | ၂,၉၉၁,၅၀၀ |
| MADPL(PLB) | ၃,၁၅၀ | ၃,၁၅၀ | ၆၉၀ | ၂,၁၇၃,၅၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

# ဆင်ခြင်တုံတရားကင်းမဲ့သည့်အကြမ်းဖက်စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းတိုက်ဖျက်

လက်နက်ကိုင်အစွန်းရောက်အကြမ်းဖက်သမားများက မြန်မာနိုင်ငံအတွင်းရှိ နယ်မြေဒေသအချို့တွင် တိုင်းရင်းသားပြည်သူများ အေးချမ်းစွာနေထိုင်ကြသည့် မြို့ရွာများကို အကြမ်းဖက်တိုက်ခိုက်ပြီး အများပြည်သူအသုံးပြုသည့်လမ်းများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် လူနေအိမ်များကို ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းတို့ ပြုလုပ်နေကြသည်ကို စိတ်မချမ်းမြေ့ဖွယ် ကြားသိနေရသည်။

မြန်မာနိုင်ငံတွင် အင်အားအလွန်ပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခဲ့သဖြင့် နိုင်ငံတော်က လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည်ရရှိရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ မတ်လ ၃၁ ရက်နေ့က မကွေးတိုင်းဒေသကြီး စလင်းမြို့၏ အနောက်မြောက်ဘက်ရှိ တညောင်ဓာတ်အားခွဲစက်ရုံလုံခြုံရေးအတွက် တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအား PDF အမည်ခံ အကြမ်းဖက်သမားများက လာရောက်နှောင့်ယှက်တိုက်ခိုက်ခဲ့သည်။ ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ငလျင်လှုပ်ခတ်မှုကြောင့် ဒုက္ခရောက်နေသောပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်မှုများပြုလုပ်လျက်ရှိသည်။

ငလျင်လှုပ်ခတ်ပြီးကာလဖြစ်သည့် ဧပြီလ ၅ ရက်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူတစ်ဦးကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဧပြီလ ၆ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိုနေ့တွင်ပင် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ အပြစ်မဲ့ပြည်သူတစ်ဦးနှင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံးခဲ့သည်။

အလားတူ အချို့ဒေသများတွင်လည်း တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အချို့သည် PDF အမည်ခံအကြမ်းသမားများနှင့်ပူးပေါင်းပြီး မြို့ရွာများ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ လက်ရှိကာလတွင် အင်အားအလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံများစွာ ပျက်စီးပြီး ထိခိုက်ဒဏ်ရာရရှိသော ပြည်သူများနှင့် သေဆုံးသွားသောပြည်သူများအတွက် တစ်နိုင်ငံလုံးရှိပြည်သူများက ဝမ်းနည်းကြေကွဲ စိတ်မကောင်းခြင်းများစွာ ဖြစ်ပေါ်နေချိန်တွင် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများအား စာနာစိတ်ကင်းမဲ့စွာ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာသည့်အပေါ် ပြည်သူများက စက်ဆုပ်ရွံရှာပြီး ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ပြည်သူများအတွက် တော်လှန်ရေးဟု ကြွေးကြော်ကြသော်လည်း အမှန်တကယ်တွင် စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများနှင့် ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် မြို့ရွာများကို လက်နက်ကြီးများ၊ ဒရုန်းဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်။ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက် အဆိုပါအကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိရောက်သောတုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူများ ပြင်းပြင်းထန်ထန်ခံစားကြရပြီး အသက်အိုးအိမ်များ ဆုံးရှုံးရမှုအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တစ်သီးပုဂ္ဂလကူညီကယ်ဆယ်သူများသည် နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်လက်တွဲကာ အသွေးအရောင်လူမျိုးမခွဲခြားဘဲ စေတနာသန့်သန့်ဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ် လုံခြုံရေးအားနည်းမှုကို အခွင့်ကောင်းယူပြီး ဆင်ခြင်တုံတရားကင်းမဲ့စွာ၊ လူမဆန်စွာ အကြမ်းဖက်မှုများကျူးလွန်နေကြသည်။ အင်အားနည်းသည့် လုံခြုံရေးစခန်းများကို အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခြင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် အပြစ်မဲ့ပြည်သူများကို ချောင်းမြောင်းပစ်ခတ်ခြင်း စသည်တို့ကို လုပ်ဆောင်လာသဖြင့် တပ်မတော်က ဟန့်တားတိုက်ဖျက်ဆောင်ရွက်ခဲ့သည်။

ငလျင်ဘေးကြောင့် ပြည်သူများ ဒုက္ခဆင်းရဲများကြုံတွေ့နေချိန်တွင် လူမျိုးမတူသည့် တိုင်းတစ်ပါးနိုင်ငံများက လူလူချင်းမေတ္တာထားပြီး စေတနာအပြည့်အဝဖြင့် ကူညီဆောင်ရွက်ပေးကြသော်လည်း မြန်မာနိုင်ငံသားအချင်းချင်း စာနာထောက်ထားမှုကင်းမဲ့စွာ နိုင်ငံရေးအမြတ်ထုတ်လိုမှုကိုသာရှေးရှု၍ အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်နေသည့် NUG အဖွဲ့၊ ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများသည် အစိုးရနှင့်တိုင်းပြည်ကို ခွဲခြားသိမြင်နိုင်စွမ်းမရှိသည့် ဆင်ခြင်တုံတရားကင်းမဲ့သူများသာဖြစ်သည်။ အဆိုပါအကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးက လက်မခံကန့်ကွက်ရှုတ်ချနေကြသကဲ့သို့ အကြမ်းဖက်အဖျက်လုပ်ရပ်များ အပြီးတိုင်ချုပ်ငြိမ်းရေးအတွက် စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၊ ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးမှာကြား၊ ထိခိုက်ပျက်စီးမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တောင်ကြီးမြို့ မြို့တော်ခန်းမနှင့် ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမတို့၌ သီးခြားစီတွေ့ဆုံ၍ ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက နယ်မြေဒေသဆိုင်ရာများ၊ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မြို့နယ်များတွင် လူထိခိုက်ဒဏ်ရာရရှိမှု၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်း၊ တံတားများ၊ ဘုရားစေတီပုထိုးများ ထိခိုက်ပျက်စီးခဲ့ရမှု ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဟိုပုံးမြို့ သီရိမင်္ဂလာ ရွှေချမ်းသာမွေတော်ဘုရားကြီး ပရိဝုဏ်အတွင်းရှိ စေတီများနှင့် သာသနိက အဆောက်အအုံများတွင် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် သဘာဝဘေးဒဏ်တုံ့ပြန် ဆောင်ရွက်နိုင်မည့် အခြေအနေများ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင် သဘာဝဘေးဒဏ်ဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့စဉ် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၌ ထိခိုက်ပျက်စီးခဲ့မှုများအား ကြည့်ရှုစစ်ဆေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည်များ မှာကြားနိုင်ရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ယနေ့နံနက်ပိုင်းအထိ ထိခိုက်သေဆုံးခဲ့ရသူ ၃၆၄၉ ဦး၊ ဒဏ်ရာရရှိခဲ့ရသူ ၅၀၁၈ ဦးနှင့် ပျောက်ဆုံးနေသူ ၁၄၅ ဦးရှိသည်ဟု သိရှိရကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် သေဆုံးခဲ့ရသူများအား တစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အခြားထိခိုက်ပျက်စီးမှုများအနေဖြင့် နေအိမ် စုစုပေါင်း ခြောက်သောင်းကျော် ပျက်စီးဆုံးရှုံးခြင်း၊ စာသင်ကျောင်းပေါင်း ၂၃၆၆ ကျောင်း ပျက်စီးဆုံးရှုံးခြင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်တိုက်ပေါင်း ၃၅၁၄ ကျောင်း ပျက်စီးဆုံးရှုံးခြင်း၊ ဘုရားစေတီပေါင်း ၅၆၂၀ ပျက်စီးဆုံးရှုံးခြင်းနှင့် ဆေးရုံဆေးခန်း ၂၉၁ ခုပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း။

ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် သင်ခန်းစာဖော်ထုတ်ရရှိခဲ့သည်မှာ အဆောက်အအုံများဆောက်လုပ်ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ စနစ်တကျဖြင့် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ မဖြစ်မနေဆောင်ရွက်ကြရန် လိုအပ်သည်ကို သိရှိခဲ့ကြရကြောင်း၊ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် အဆောက်အအုံများကို စစ်ဆေးခဲ့ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ သတ်မှတ်ထားသည့်အတိုင်း ဆောက်လုပ်မှုမရှိခဲ့ခြင်းနှင့် ဆောက်လုပ်ရေးပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်ဘဲ ဆောက်လုပ်ထားသည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ချိန်တွင် အသက်ပေါင်းများစွာ ပေးဆပ်ရခြင်းဖြစ်ပြီး ပေးဆပ်မှုအလွန်ကြီးမားခဲ့ရကြောင်း။

မိမိတို့အနေဖြင့် ငလျင်ဒဏ်ကြောင့် ပိတ်မိနေရသူများအား ကယ်ဆယ်ရေးလုပ်ငန်းများကို ခက်ခဲစွာဖြင့် ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်ကြောင်း၊ ပြည်ပမှ ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့်လည်း အင်တိုက်အားတိုက်ဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်ကြောင်း၊ ငလျင်လှုပ်ပြီးလျှင်ပြီးချင်း တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခဲ့သကဲ့သို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြကြောင်း၊ အလှူရှင်များအနေဖြင့်လည်း ပြည်သူများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသကဲ့သို့ ငလျင်ဒဏ်သင့်ခဲ့ရသည့်ဒေသများသို့ သွားရောက်၍ လှူဒါန်းမှုများရှိကြသည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရကြောင်း၊

**စာမျက်နှာ ၄ သို့ ☆**




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိုပုံးမြို့ရှိ ဟိုပုံးရေထွက်ကြီး၌ ရေထွက်နှင့် ရေကန် ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၃ မှ

အခက်အခဲများ ဖြစ်ပေါ်ချိန်တွင် အချင်းချင်း ကူညီဆောင်ရွက်ပေးမှုများသည် ကောင်းမွန်သည့်စိတ်ဓာတ်များပင် ဖြစ်ကြောင်း။

လမ်းပန်း ဆက်သွယ်ရေးနှင့် ပတ်သက်၍ အချို့ရထားလမ်း၊ မော်တော်ကားလမ်းများ၊ ဘူတာရုံများ၊ တံတားများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ အမြန်ဆုံး ပြန်လည် ကောင်းမွန်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ အလားတူ ထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်းများ ကျောင်းဖွင့်ချိန် အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ငလျင်ဘေးဒဏ်သင့်သည့် ဒေသများမှ ပြည်သူများ မိုးရာသီမရောက်မီ အမိုးအကာအောက်၌ လုံခြုံစွာနေထိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်စွမ်းအား မြှင့်တင်ရေး**

ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များ ဆောက်လုပ်ရာတွင်လည်း စနစ်တကျဆောက်လုပ်ရန်လိုအပ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ပတ်သက်၍လည်း သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်မှုများရှိစေရေး အသိပညာပေးမှုများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့သာယာလှပရေးတွင် ရေရရှိရေးသည် မဖြစ်မနေ လိုအပ်သည်ဖြစ်သည့်အတွက် သောက်သုံးရေလုံလောက်စွာရရှိရေး၊ ရေဝေရေလဲသစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း။

အစားအသောက်နှင့် ပတ်သက်၍ မိမိတို့ဒေသတွင်း၌အခြေခံစားကုန်များကို လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရန်လိုကြောင်း၊ ယခု ငလျင်သဘာဝဘေးဖြစ်ပေါ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအား ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်သွားရန်အတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးမြောက်မြားစွာလိုအပ်မည်ဖြစ်ကြောင်း၊ ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်မှသာ ပို့ကုန်တိုးမြှင့်လာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများလည်း ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး ပြည်ပပို့ကုန် တိုးမြှင့်ရရှိနိုင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အနေဖြင့်လည်း မိမိတို့ဒေသတွင် ဖြစ်ထွန်းသည့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ရရှိရေး၊ သီးထပ်စွမ်းအားများ မြှင့်တင်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးလုပ်ငန်းများကိုလည်း ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်သွားရန်လိုပြီး ပို့ကုန်တိုးမြှင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ယခုကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိအောင်အသုံးချနိုင်ရေး စီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးဆုံးခန်းမတိုင်ခဲ့ရသူများ များစွာရှိပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ပအိုဝ်းဒေသ၌လည်း စာရင်းများကောက်ယူ၍ ကျောင်းပြင်ပပညာရေးဖြစ်သည့် စာဖတ်ဝိုင်းများ၊ စာကြည့်တိုက်များ၊ အသိပညာပေးခြင်းများ၊ ရက်တိုသင်တန်း ပို့ချပေးခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းအားဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အသိအမြင်များ တိုးပွားလာစေနိုင်မည် ဖြစ်ကြောင်း၊ လာမည့်ပညာသင်နှစ်တွင် ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ရာနှုန်းပြည့် ကျောင်းတက်စေရေး စည်းရုံးဆောင်ရွက်သွားရန်နှင့် ကျောင်းနေသူများ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းမြင့်မားရန်လိုကြောင်း၊ “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့်အတိုင်း ကျောင်းတက်ရောက်နေစဉ် ကာလအတွင်း ဆရာ ဆရာမများနှင့် မိဘများ၏ သွန်သင်ဆုံးမပေးမှုများကြောင့် လိမ္မာရေးခြားရှိသည့်လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက် အားလုံးက စိတ်ဝင်တစားဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် ပညာသင်ကြားရေးနှင့် ပတ်သက်၍ ယခုထက်ပိုမိုတိုးတက်အောင် ဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုရှိရမည်ဖြစ်ကြောင်း၊ မိမိနှင့် မိမိ မိသားစုအတွက် မည်သို့မျှအကျိုးမရှိသည့် ဆေးလိပ်၊ အရက်၊ ကွမ်း သုံးစွဲခြင်းများကို ရှောင်ကြဉ်ကြရန်လိုပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းဖြင့် နေထိုင်သွားကြရန်လိုကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ သွားလာနေထိုင်စားသောက်မှု မဆင်ခြင်ခြင်းများကြောင့် အချိန်မတိုင်မီ မလိုလားအပ်ဘဲ အသက်ဆုံးရှုံးရခြင်းများ မဖြစ်စေရေး ကျန်းမာရေးအသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားရန် လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိုပုံးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခိုကျောင်းဆရာတော် ဘဒ္ဒန္တ ဝိဇယအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

■ **ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် မူလထက် ပိုမိုကောင်းမွန်သည့် အဆောက်အအုံများ၊ လမ်းတံတားများ ဖြစ်လာရမည်၊ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်သည့်မြို့များကို ဖော်ဆောင်ပေးနိုင်ရမည်ဟု မူဝါဒချမှတ်၍ ဆောင်ရွက်လျက်ရှိ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

☆ **လမ်းပန်းဆက်သွယ်မှုများ အမြန်ဆုံးပြန်လည်ကောင်းမွန်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့်စာသင်ကျောင်းများ ကျောင်းဖွင့်ချိန်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိ**

☆ **ငလျင်ဘေးဒဏ်သင့်သည့်ဒေသများမှ ပြည်သူများ မိုးရာသီမရောက်မီ အမိုးအကာအောက်၌ လုံခြုံစွာနေထိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိ**

ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် မူလထက် ပိုမိုကောင်းမွန်သည့် အဆောက်အအုံများ၊ လမ်းတံတားများ ဖြစ်လာရမည်၊ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်သည့် မြို့များကို ဖော်ဆောင်ပေးနိုင်ရမည်ဟု မူဝါဒချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ ကျရောက်တော့မည့် မြန်မာ့ရိုးရာအတာသင်္ကြန်နှင့်ပတ်သက်၍လည်း ယခုနှစ်အတာသင်္ကြန်ကာလကို မြန်မာရိုးရာအစဉ်အလာနှင့်အညီ အေးအေးချမ်းချမ်း ဖြင့်သာ ဖြတ်သန်းကြစေလိုကြောင်း၊ လာမည့်ဒီဇင်ဘာလတွင် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့သို့ရောက်ရှိစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟိုပုံးမြို့ရှိ ဟိုပုံးရေထွက်ကြီးသို့ ရောက်ရှိကြပြီး ရေထွက်နှင့် ရေကန် ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က ရေထွက်အား စနစ်တကျ ထိန်းသိမ်းသွားရန်လိုပြီး ရေကန်အတွင်းနှင့် ရေကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုကြောင်း၊ ရေထွက်ပတ်ဝန်းကျင် ဧရိယာအတွင်း သစ်ပင်သစ်တောများကို စနစ်တကျဖြင့်

စာမျက်နှာ ၅ သို့ »»




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၌ ငလျင်ဘေးဒဏ်ကြောင့် ပင်မသုံးထပ်စာသင်ဆောင် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၄ မှ
ထိန်းသိမ်းသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားကာ ရေကန်အား လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟိုပုံးမြို့ကျက်သရေဆောင် သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီးသို့ရောက်ရှိပြီး ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကာ ဘုရားကြီးအား ဖူးမြော်ကြည်ညိုသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဟိုပုံးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခိုကျောင်းဆရာတော် ဘဒ္ဒန္တဝိဇယအား ဖူးမြော်ကြည်ညို၍ ဘုရားကြီးပရိဝုဏ်အတွင်းရှိ ဘုရား၊ စေတီများ ထိခိုက်ပျက်စီးခဲ့မှုအား ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းများကို မူလပုံစံမပျက်စေဘဲ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ ကျွမ်းကျင်ပညာရှင်များနှင့် မွမ်းမံပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားပြီး ဆရာတော်ကြီးများထံမှ ဩဝါဒနာယူကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရားကြီးပရိဝုဏ်အတွင်းရှိ စေတီများနှင့် သာသနိကအဆောက်အအုံများတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားကြီး ဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ငလျင်ဘေးဒဏ်ကြောင့် ပင်မသုံးထပ်စာသင်ဆောင်နှင့် တောင်၊ မြောက် စာသင်ဆောင်များတွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှု၊ ကျောင်းသား ကျောင်းသူ အဆောင်များ၊ ဝန်ထမ်းအိမ်ရာများတွင် ထိခိုက်ပျက်စီးခဲ့ရမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပင်မသုံးထပ်စာသင်ဆောင်ကြီးသည် ပညာရှင်များ၏ စစ်ဆေးတွေ့ရှိချက်များအရ ထိခိုက်ပျက်စီးမှု များပြားခဲ့ပြီး အန္တရာယ်ရှိအဆောက်အအုံဖြစ်သဖြင့် စနစ်တကျဖြင့် ဖြိုဖျက်သွားရန် လိုကြောင်း၊ အသစ်ပြန်လည်တည်ဆောက်ရာတွင် အဆောက်အအုံ ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုကိုဦးစားပေး၍ စနစ်တကျ တွက်ချက်တည်ဆောက်သွားရန် လိုကြောင်း၊ အခြားထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများကိုလည်း စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေးကွင်းရှိ အားကစားရုံ တည်ဆောက်ရန် လျာထားသည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်ချမ်းသာစာသင်တိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနဟိတကာရီကျောင်းအား ကြည့်ရှုစစ်ဆေးစဉ်။

✻ ရှေ့ဖုံးမှ
ထို့နောက် အောင်ချမ်းသာစာသင်တိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနဟိတကာရီကျောင်းအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကလောမြို့သို့ရောက်ရှိကြပြီး ကလောဘူတာ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကလောခရိုင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ကလောချောင်း တစ်လျှောက် ချောင်းချဲ့ခြင်း၊ တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကလောမြို့နယ် စည်ပင်သာယာရေးဌာနမှ ကလောဘူတာရှေ့တွင် မြေယာရှုခင်းအသစ် ပြုလုပ်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကလောချောင်းတစ်လျှောက် ရေများပိတ်ဆို့နေခြင်းမရှိဘဲ စဉ်ဆက်မပြတ် စီးဆင်းမှုရှိစေရေး အားလုံးက ဝိုင်းဝန်း ဆောင်ရွက်ရန်လိုကြောင်း၊ ချောင်းအတွင်း အမှိုက်စွန့်ပစ်ခြင်းများ မရှိစေရေးအတွက်လည်း အသိပညာပေးခြင်း၊ ဒဏ်ရိုက်ခြင်းတို့ဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နေထိုင်သည့်ဒေသ သာယာလှပရေးနှင့် လူနေမှုစနစ်

**စာမျက်နှာ ၆ သို့** ❒

# မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့် ပတ်သက်၍ ကာဇက်စတန်နိုင်ငံက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၁၀

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် ကာဇက်စတန်နိုင်ငံ သမ္မတ H.E. Mr. Kassym- Jomart Tokayev က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် မိမိအနေဖြင့် မြန်မာနိုင်ငံသားများစွာ အသက်ဆုံးရှုံးခဲ့ရသည့် အဆွေတော်တို့နိုင်ငံ၌ ဖြစ်ပွားခဲ့သော ဝမ်းနည်းဖွယ်လျောင်သတင်းကို ကြားသိရသည်မှာ များစွာစိတ်မကောင်း ဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ခက်ခဲသော အချိန်ကာလတွင် ချစ်ခင်ရသူများ ဆုံးရှုံးရသည့် မိသားစုများ၊ မြန်မာပြည်သူများအတွက် ဝမ်းနည်းမိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူများ ဆောလျင်စွာ ပြန်လည်ကောင်းမွန်ပြီး မိသားစုနှင့် ဘေးအန္တရာယ်ကင်းစွာ ပြန်လည်ဆုံဆည်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း သိရသည်။

**သတင်းစဉ်**

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ဝန်ကြီးချုပ်
နေပြည်တော်

**အဆွေတော်**

မိမိအနေဖြင့် မြန်မာနိုင်ငံသားများစွာ အသက်ဆုံးရှုံးခဲ့ရသည့် အဆွေတော်တို့နိုင်ငံ၌ ဖြစ်ပွားခဲ့သော ဝမ်းနည်းဖွယ်ငလျင်သတင်းကို ကြားသိရှိရသည်မှာ များစွာ စိတ်မကောင်းဖြစ်ရပါသည်။

ယခုကဲ့သို့ ခက်ခဲသောအချိန်ကာလတွင် ချစ်ခင်ရသူများ ဆုံးရှုံးရသည့် မိသားစုများ၊ မြန်မာပြည်သူများကို ဝမ်းနည်းကြောင်းကို ဖော်ပြလိုပါသည်။

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူများ ဆောလျင်စွာပြန်လည်ကောင်းမွန်ပြီး မိသားစုနှင့် ဘေးအန္တရာယ်ကင်းစွာ ပြန်လည်ဆုံစည်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်

**ဝမ်းနည်းခြင်းများစွာဖြင့်**

**ကာဆန်းရှန်မာ သိုးလ်ကာယဲပ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောဘူတာတွင် ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ငလျင်ဘေးဒဏ်ကြောင့် ဟိုတယ်အောင်ပန်း ထိခိုက်ပျက်စီးခဲ့မှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်မှုရှိစေရေး ချောင်းချဲ့ခြင်းနှင့် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် မြေယာရှုခင်းဖော်ဆောင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

❒ စာမျက်နှာ ၅ မှ

ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဒေသခံများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ကလောချောင်း တစ်လျှောက် ရေစီးရေလာ ကောင်းမွန်မှုရှိစေရေး ချောင်းချဲ့ခြင်းနှင့် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မြေယာရှုခင်းဖော်ဆောင်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကလောဘူတာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘူတာရုံအနေဖြင့် စနစ်တကျရှိရမည်ဖြစ်ပြီး ခြံစည်းရိုးကာရံထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဘူတာရုံအဝန်းအဝိုင်းအတွင်း မီးရထားဝန်ထမ်းများနှင့် ရထားစီးခရီးသည်များသာ ရှိရမည်ဖြစ်ပြီး စနစ်ကျနပြီး သန့်ရှင်းသပ်ရပ်မှုရှိသည့် ဘူတာရုံဖြစ်ရန်လိုကြောင်း၊ ဘူတာရုံသမိုင်းမှတ်တမ်း ဓာတ်ပုံများကိုလည်း စနစ်တကျဖြင့် ထိန်းသိမ်းခင်းကျင်းပြသ ထားရှိရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အား အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။

❖ ကျောဖုံးမှ
နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်၍ ကျေးဇူးတင်ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများ အတွက် စာနာနားလည်မှုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲခြင်း အထိမ်း အမှတ်အဖြစ် တစ်မိနစ် ငြိမ် သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝ ပြုကြသည်။

ထို့နောက် အမျိုးသားသဘာဝ ဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ကျေးဇူးတင် ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် ၇ ဒသမ ၇ ရှိ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများ များစွာဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ မြေငလျင် လှုပ်ခတ်ခြင်း၏ နောက်ဆက်တွဲ အဖြစ် ယနေ့အချိန်အထိ ၁၁၂ ကြိမ် လှုပ်ခတ်ခဲ့ပြီးဖြစ်ကြောင်း။

ထိုသို့ မြေငလျင်လှုပ်ခတ်မှုများကြောင့် နိုင်ငံတစ်ဝန်းတွင် လူနေအိမ်စုစုပေါင်း ၆၀၀၀၀ ကျော်၊ အိမ်၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၃၅၁၄ ကျောင်း၊ စာသင်ကျောင်း ၂၃၆၆ ကျောင်း၊ ဌာနဆိုင်ရာရုံး/ အဆောက်အအုံ ၃၆၇၈ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထို့ပြင် တံတားပေါင်း ၁၅၅ စင်း၊ ဘုရားစေတီ ၅၆၂၀ ထိခိုက် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ယနေ့ နံနက်ပိုင်းအထိ သေဆုံးသူဦးရေ ၃၆၄၉ ဦး၊ ဒဏ်ရာရရှိသူဦးရေ ၅၀၁၈ ဦးနှင့် ပျောက်ဆုံးသူဦးရေ ၁၄၅ ဦး ရှိခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်မှ ဧပြီ ၉ ရက်အထိ



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အခမ်းအနားတက်ရောက်လာကြသူများ ဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝပြုကြစဉ်။

မြန်မာနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် နိုင်ငံတကာမှ အရေးပေါ်ရှာဖွေကယ် ဆယ်ရေး တပ်ဖွဲ့ဝင်များအနေဖြင့် လူဦးရေ ၆၅၃ ဦးအား အသက်ရှင်လျက် ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ၇၁၈ ဦးတို့အား ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း။

ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများတွင် အရေးပေါ်ရှာဖွေကူညီ ကယ်ဆယ်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များဖြင့် ဆောင်ရွက်ပေးခြင်းအပြင် နိုင်ငံတကာမှ ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေး အထောက်အကူပြုအဖွဲ့များနှင့် ဆေးအဖွဲ့များကို စေလွှတ်ပြီး ဆောင်ရွက် ပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီအနေဖြင့် လည်း မြေငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့ကြရသည့် ပြည်သူများကိုလည်း သွားရောက်တွေ့ဆုံပြီး စိတ်ဓာတ်ခွန်အားပေး၍ လိုအပ်သော ကူညီထောက်ပံ့ပေးမှုများနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် Colonel Shamim Iftakhar နှင့် Colonel Nasir တို့ ဦးဆောင်သည့် ရှာဖွေကယ်ဆယ်ရေး အဖွဲ့များ၊ ကူညီထောက်ပံ့ရေး အဖွဲ့များ၊ ဆေးအဖွဲ့များ၊ Structure Engineer အဖွဲ့များပါဝင်သည့် စုစုပေါင်း အင်အား ၅၅ ဦးတို့သည် ခေတ်မီ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံး ပစ္စည်းကိရိယာ အမျိုးအစား ၆၉ မျိုးတို့နှင့်အတူ ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက် မွန်းလွဲ ၂ နာရီ အချိန် နေပြည်တော်သို့ ရောက်ရှိခဲ့ပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Colonel Nasir ဦးဆောင်သည့်ဆေးအဖွဲ့က လည်း ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်တွင် နေပြည်တော်သို့ ရောက်ရှိချိန်မှစ၍ ဧပြီ ၃ ရက်အထိ နေပြည်တော် ကလေးအထူးကုဆေးရုံကြီးတွင် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ဧပြီ ၄ ရက်မှစ၍ ဇမ္ဗူသီရိမြို့နယ်ဆေးရုံတွင် အခြေပြု၍ လည်းကောင်း၊ ပျဉ်းမနားမြို့နယ်တွင် လည်း ရွှေ့လျားဆေးခန်းအနေဖြင့်လည်းကောင်း၊ ပြည်သူ့ဆေးရုံ၊ လယ်ဝေးမြို့နှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)တွင်လည်း ခွဲစိတ်ကုသမှုများ၌လည်းကောင်း မြန်မာနိုင်ငံမှအရေးပေါ် ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် အကြီးစားခွဲစိတ်မှု လေးခုအပါအဝင် လူနာပေါင်း ၅၂၇ ဦးကိုလည်း ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့သည်ကို တွေ့ရကြောင်း။

အလားတူ Colonel Shamim Iftakhar ဦးဆောင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးအဖွဲ့အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၃ ရက်တွင်လည်း ငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခနေသိဒ္ဓိရပ်ကွက် တိုက်အမှတ် ၁၃၃၈ တွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့နှင့်ပူးပေါင်းပြီး အဆောက်အအုံအတွင်း ပိတ်မိ/ ပိမိနေသည့် ပျောက်ဆုံးနေသူအား ရှာဖွေပေးနိုင်ခဲ့ကြောင်း၊ အဆိုပါနေရာတွင် သေဆုံးသူတစ်ဦးကို တွေ့ရှိရသည့်အတွက် နံရံနှင့် ကွန်ကရစ် ကြမ်းခင်းပြားများကို ခက်ခက်ခဲခဲ ထိုးခွဲဖွင့်ဖောက် ဖြတ်တောက်ပြီး

စာမျက်နှာ ၈ သို့ ❖

★ မြေငလျင်လှုပ်ခတ်မှုများကြောင့် နိုင်ငံတစ်ဝန်းတွင် လူနေအိမ်စုစုပေါင်း ၆၀၀၀၀ ကျော်၊ အိမ်၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၃၅၁၄ ကျောင်း၊ စာသင်ကျောင်း ၂၃၆၆ ကျောင်း၊ ဌာနဆိုင်ရာရုံး / အဆောက်အအုံ ၃၆၇၈ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထို့ပြင် တံတားပေါင်း ၁၅၅ စင်း၊ ဘုရားစေတီ ၅၆၂၀ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ယနေ့နံနက်ပိုင်းအထိ သေဆုံးသူဦးရေ ၃၆၄၉ ဦး၊ ဒဏ်ရာရရှိသူဦးရေ ၅၀၁၈ ဦးနှင့် ပျောက်ဆုံးသူဦးရေ ၁၄၅ ဦးရှိခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်မှ ဧပြီ ၉ ရက်အထိ မြန်မာနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် နိုင်ငံတကာမှ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များအနေဖြင့် လူဦးရေ ၆၅၃ ဦးအား အသက်ရှင်လျက် ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ၇၁၈ ဦးတို့အား ရှာဖွေဖော်ထုတ်နိုင်ခဲ့

❖ စာမျက်နှာ ၇ မှ
သေဆုံးသူ၏ အသက်မဲ့ခန္ဓာကိုယ်ကို ထုတ်ယူပေးနိုင်ခဲ့သည့်အတွက် မိသားစုများကိုယ်စား ကျေးဇူးအထူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ဧပြီ ၄ ရက် နံနက်ပိုင်းတွင်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အင်ဂျင်နီယာအဖွဲ့အနေဖြင့် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် ဗဟိုမီးသတ်စခန်း (နေပြည်တော်) အဆောက်အအုံ၏ အန္တရာယ်ရှိသည့် အစိတ်အပိုင်းများ ရှင်းလင်းဖြိုချ ဖျက်ဆီးခြင်းကိုလည်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် အကြံဉာဏ်များပေးခဲ့မှုကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များသည် နီပေါနိုင်ငံနှင့် တူကီယဲနိုင်ငံတို့တွင် ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်ခတ်မှုဖြစ်စဉ်များတွင် သွားရောက်ကူညီပေးခဲ့ကြသည့် အတွေ့အကြုံကောင်းများစွာရှိသော အဖွဲ့တစ်ခုဖြစ်သည်ကိုလည်း သိရှိရကြောင်း၊ အဆိုပါ အတွေ့အကြုံများဖြင့် ပြိုကျ အဆောက်အအုံအတွင်း ပိတ်မိ/ ပိမိသူများ၊ အသက်ရှင်နေသူများနှင့် သေဆုံးနေသူများကို ရှာဖွေနိုင်၊ ကယ်ထုတ်နိုင်ရုံသာမက ထပ်မံပြိုကျနိုင်သည့် အဆောက်အအုံအခြေအနေများကိုလည်း အကြံပြုကူညီပေးခဲ့သဖြင့် မိမိတို့အတွက် အကျိုးကျေးဇူးများ များစွာရရှိခဲ့ပါကြောင်း၊ ထို့ပြင် ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးဘက်ဆိုင်ရာ ကုသမှုပေးနိုင်သည့် အတွေ့အကြုံ ရင့်ကျက်သော ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များဖြစ်သောကြောင့် မြန်မာနိုင်ငံသို့ လာရောက်ကူညီဆောင်ရွက်ပေးခဲ့မှုများအပေါ် များစွာအားရ ကျေနပ်မိပါကြောင်းနှင့် ကျေးဇူးအထူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ယခုကဲ့သို့ အိမ်နီးချင်းကောင်း မိတ်ဆွေကောင်း ပီသစွာဖြင့် မည်သည့်နှောင်ဖွဲ့မှုမျှ မရှိဘဲ လူသားချင်းစာနာထောက်ထားမှုစိတ်ထား၊ ကိုယ်ချင်းစာစိတ်ထား အပြည့်အဝဖြင့် မိမိတို့နိုင်ငံရှိ ငလျင်ဘေးဒုက္ခ ရောက်ရှိကြရသည့် ပြည်သူများအပေါ် အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ပေးခြင်း၊ Mobile Clinic ဖြင့် ဆေးကုသပေးခြင်းတို့အတွက် စေလွှတ်ပေးခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများ၊ လာရောက်ကူညီကယ်ဆယ်ပေးခဲ့ကြသည့် Colonel Shamim Iftakhar နှင့် Colonel Nasir တို့ ဦးဆောင်သည့် ကယ်ဆယ်ရေးအဖွဲ့နှင့် ဆေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain နှင့် သံရုံးအဖွဲ့ဝင်များအားလုံးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်အစိုးရအဖွဲ့ကိုယ်စား၊ အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား၊ ငလျင်ဘေးဒဏ်ခံစားရသောပြည်သူများနှင့် မိသားစုများကိုယ်စား အထူးပင်လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့ပြည်သူများအားလုံးက ကူညီဆောင်ရွက်ပေးခဲ့မှုများအတွက် အမြဲပင်အမှတ်ရနေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ရာ အဖွဲ့များကိုယ်စား ကိုယ်စားလှယ် တစ်ဦးစီက လက်ခံရယူကြသည်။

အခမ်းအနားအပြီးတွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဧပြီ ၁၁ ရက်တွင် ရန်ကုန်မြို့သို့ မြန်မာနိုင်ငံနှင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ လာရောက်ပို့ဆောင်မည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံပိုင်ရေယာဉ်တစ်စင်းနှင့်အတူ ဧပြီ ၁၃ ရက်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀) ရှိ ဝန်ထမ်းများနှင့် လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)သို့ သွားရောက်၍ ကျန်းမာရေးဝန်ထမ်းများနှင့် ငလျင်ဘေးဒဏ်သင့်လူနာများအား တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ဦးစွာ ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)ရှိ ဦးနှောက်နှင့်အာရုံကြောကုသဆောင်နှင့် အရိုးကုသဆောင်တို့၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လူနာများအား တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများနှင့် နေထိုင်စားသောက်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ ဓာတ်ဆားရည်၊ ဒိန်ချဉ်နှင့် အသင့်စားခေါက်ဆွဲဘူးများ ပေးအပ်လှူဒါန်းသည်။

ယနေ့တွင် ကောင်စီအဖွဲ့ဝင်သည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) ရှိ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် စုစုပေါင်း ဆန်အိတ် ၁၂၀၊ အာလူး ပိဿာ ၄၀၀၊ ခရမ်းချဉ်သီး ပိဿာ ၂၀၀၊ ကြက်ဥအလုံး ၁၂၀၀၊ ခေါက်ဆွဲခြောက် လေးဖာ၊ ဒိန်ချဉ်၊ ဓာတ်ဆားရည်များနှင့် ဆေးရုံတက်ရောက်နေသည့် လူနာ ၁၅၀၀ အတွက် နေ့လယ်စာ လှူဒါန်းငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

**သတင်းစဉ်**



# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာယီတည်းခိုရေးစခန်းများတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၀**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ(၁)ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့် ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ နေထိုင်နိုင်ရန် ယာယီတည်းခိုရေးစခန်းများ တည်ဆောက်နေမှုနှင့် ဝင်ရောက်နေထိုင်မှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။




**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက်၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ဓနသိဒ္ဓိရပ်ကွက်နှင့် ဗလသိဒ္ဓိရပ်ကွက်တို့ရှိ ယာယီတည်းခိုရေးစခန်းများတွင် ဘေးသင့်သူများ အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရေး၊ လျှပ်စစ်မီး၊ ဆိုလာမီး၊ သောက်ရေသန့်၊ သုံးရေ၊ ချိုးရေ၊ သန့်စင်ခန်းများ လုံလောက်စွာရရှိရေး၊ ကျန်းမာရေးဆေးပေးခန်း၊ စားဖိုဆောင်များနှင့် အခြားလိုအပ်သည်များ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ မိုးရာသီမတိုင်မီ ယာယီနေထိုင်နိုင်ရန်အတွက် မိုးကာတဲများကို လိုအပ်သလောက် မြန်ဆန်စွာ တည်ဆောက် နေရာချထားပေးသွားမည်ဖြစ်ကြောင်း၊ ယာယီတည်းခိုရေးစခန်းများ အားလုံးတွင် လိုအပ်သည့် ရေ၊ မီးနှင့် သန့်စင်ခန်းများကိုလည်း ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးပေးခန်းများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဝါးများ လုံလောက်စွာစီမံဆောင်ရွက်ထားရှိမည်ဖြစ်ကြောင်း၊ ယခု ယာယီတည်းခိုရေးစခန်းများတွင် ရေရှည်နေထိုင်ရန် မဖြစ်နိုင်သည့်အတွက် ပြန်လည်နေထိုင်နိုင်သည်ဟု စစ်ဆေးရေးအဖွဲ့က သတ်မှတ်သော မူလနေအိမ်တိုက်ခန်းများ၌ ပြန်လည်နေထိုင်ကြမည့် ဝန်ထမ်းမိသားစုများမှလွဲ၍ ပြုပြင်/အသစ်တည်ဆောက်ရမည့် နေအိမ်တိုက်ခန်းများ၌ နေထိုင်ခဲ့ကြသည့် ဝန်ထမ်းမိသားစုများကို မိုးမကျမီ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများအလိုက် လုံခြုံမှုရှိပြီး သက်သာချောင်ချိစွာ နေထိုင်နိုင်မည့် ယာယီဘာရာများ တည်ဆောက်၍ ပြောင်းရွှေ့နေရာချထားပေးသွားမည်ဖြစ်ကြောင်းနှင့် အခက်အခဲများရှိပါက တာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ တင်ပြ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် နိုင်ငံရေးပါတီ ၂၅ ပါတီမှ အလှူငွေကျပ် သိန်း ၁၀၀ နှင့် ပြည်ပရောက် မြန်မာနိုင်ငံသား စေတနာရှင် အလှူရှင်များက ကျပ် ၁၅၉ ဒသမ ၆ သိန်းတို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနသို့ လာရောက်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၁၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး မစ္စတာ ဟာရီရှ် ချန်ဒရာဂီမီအား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပျက်စီးဆုံးရှုံးမှုကြီးမားသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် နီပေါနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများပေးအပ်ခဲ့မှုနှင့် ဆေးအဖွဲ့ကို မြန်မာနိုင်ငံသို့စေလွှတ်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ငလျင်ဒဏ်သင့်ပြည်သူများကို ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးအတွက် နှစ်နိုင်ငံအကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန်အတွက်လည်း ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာနှင့် နီပေါနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍများတွင် တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ငလျင်ဒဏ်ခံရသည့် မဟာအောင်မြေနှင့် ရမည်းသင်းခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများနှင့် မန္တလေးလေဆိပ်ဝန်ထမ်းအိပ်ဆောင်များပျက်စီးမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံနှင့် စာရွက်စာတမ်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ပျက်စီးဆုံးရှုံးမှု၊ ဝန်ထမ်းများနှင့် မိသားစုဝင်အချို့ ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရုံးအဆောက်အအုံနှင့် အိမ်ရာများအခြေအနေကို သက်ဆိုင်ရာတာဝန်ရှိသူများ လာရောက်စစ်ဆေး၍ အဆင့်သတ်မှတ်ချက်အရ ဆက်လက်ဆောင်ရွက်ကြရန်နှင့် ယာယီရုံးများဖွင့်လှစ်၍ ဌာန၏လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး စီစဉ်ပေးရန် မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါရုံးဝင်းအတွင်းရှိဓမ္မာရုံ၌ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံ၍ ငလျင်ဒဏ်ခံရသည့်ဝန်ထမ်းများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်၊ နိုင်ငံတော်က ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသကဲ့သို့ ဝန်ကြီးဌာနအနေဖြင့်လည်း တတ်နိုင်သမျှကူညီထောက်ပံ့ဆောင်ရွက်ပေးနေမှုများ၊ ရုံးစာရွက်စာတမ်းများ စနစ်တကျပြန်လည်ထိန်းသိမ်းဆောင်ရွက်ထားရှိရေးနှင့် ယာယီရုံးများ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး၊ ဝန်ထမ်းအားလုံး နေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျစီစဉ်ဆောင်ရွက်ပေးရေးနှင့်စပ်လျဉ်း၍ အားပေးစကားများ ပြောကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တာဝန်ကျဝန်ထမ်းများနေထိုင်သည့် ဝန်ထမ်းအိပ်ဆောင်များ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ယာယီတဲများဖြင့် ရွှေ့ပြောင်းနေထိုင်မှု၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ထမ်းများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံများ ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ယာယီရုံးဖွင့်လှစ်ဆောင်ရွက်နေမှု၊ ရမည်းသင်းခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံး၌ ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံများ၊ စာရွက်စာတမ်းများ ထိခိုက်ပျက်စီးမှုနှင့် ယာယီရုံးများ ဖွင့်လှစ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း နီပေါတပ်မတော်အရေးပေါ်ဆေးကုသရေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်




နေပြည်တော် မေ ၁၀

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး အဆိုပါဆေးရုံတွင် အခြေပြု၍ ရမည်းသင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုတင်(၁၀၀)ဆံ့ရမည်းသင်းပြည်သူ့ဆေးရုံတို့နှင့် ပူးပေါင်းကာ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်နေသည့် နီပေါတပ်မတော် အရေးပေါ်ဆေးကုသရေးအဖွဲ့၏ ဒေသခံပြည်သူများအား ပြင်ပလူနာဌာနတွင် ကျန်းမာရေး စောင့်ရှောက်မှုများပေးနေမှုကို ကြည့်ရှုအားပေးကာ လူနာများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဆက်လက်၍ တာဝန်ပြီးဆုံးပြီဖြစ်သည့် နီပေါတပ်မတော် အရေးပေါ် ဆေးကုသရေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး နီပေါတပ်မတော် အရေးပေါ်ဆေးကုသရေးအဖွဲ့မှ တာဝန်ရှိသူများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**အားပေးစကားပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် ခုတင် (၁၀၀) ဆံ့ ရမည်းသင်းခရိုင်ပြည်သူ့ဆေးရုံမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် စေတနာအပြည့်အဝထားကာ လုပ်ငန်းများကို စိတ်ရောကိုယ်ပါနှစ်မြှုပ်၍ စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသည့် ကျန်းမာရေးဝန်ထမ်းများကို ဝန်ကြီးဌာနအနေဖြင့် မှတ်တမ်းတင်ဂုဏ်ပြုကြောင်း ပြောကြားသည်။ ထို့နောက် ရမည်းသင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများအတွက် ကျန်းမာရေး ဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ ခုတင် (၁၀၀) ဆံ့ ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံမှ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် သဘာဝဘေး ကယ်ဆယ်ရေး Kit ပုံးများ ထောက်ပံ့ပေးအပ်ပြီး ဝန်ထမ်းများကို အားပေးစကားပြောကြားကြောင်း သိရသည်။

သတင်းစဉ်

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂ၏ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၁၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Michael Dunford အား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ လှုပ်ခတ်ခဲ့သော မဏ္ဍလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့်ဒေသများမှ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# အာဆီယံ စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ပါဝင်တက်ရောက်






နေပြည်တော် မေ ၁၀

ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာဆီယံ စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

**တက်ရောက်**

အစည်းအဝေးတွင် မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ပြီးအာဆီယံစီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့အပေါ် အကာအကွယ်ပေးနိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ ထို့နောက် ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်တွင် ကြေညာခဲ့သည့် အမေရိကန် ပြည်ထောင်စု၏ အပြန်အလှန် အခွန်စည်းကြပ်မှု အစီအစဉ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပေါ် ယင်းအခွန်စည်းကြပ်မှုများ၏ အကျိုးသက်ရောက်မှု၊ အာဆီယံ၏ မဟာဗျူဟာများနှင့် စုပေါင်း တုံ့ပြန်မှုများနှင့်အတူ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် အာဆီယံပထဝီ စီးပွားရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးတို့အပေါ် ဆွေးနွေးကြသည်။ အဆိုပါ လုပ်ငန်းအဖွဲ့သည် ဒေသတွင်း မျှော်မှန်းချက်များကို အကောင်အထည် ဖော်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို အာဆီယံနိုင်ငံများ၏ စုပေါင်းအားဖြင့် ဖြေရှင်းနိုင်မည့် မဟာဗျူဟာမြောက် နည်းလမ်းများကိုလည်း ဖော်ထုတ်သွားရန်ဖြစ်သည်။ ထို့နောက် အစည်းအဝေးတွင် အာဆီယံစီးပွားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်ကို အတည်ပြုကြသည်။

**ဆွေးနွေး**

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် အင်အားပြင်း ငလျင်ဒဏ်ကြောင့် ဖြစ်ပွားခဲ့သည့် ပျက်စီးဆုံးရှုံးမှုများအတွက် ကျွမ်းကျင်ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးမှု ၊ ကယ်ဆယ်ရေး ပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်မှုအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ဆက်လက်၍ အာဆီယံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို အကာအကွယ်ပေးနိုင်မည့် နည်းလမ်းများနှင့် အာဆီယံ-အမေရိကန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များအပေါ် ဆွေးနွေးကြကာ အာဆီယံ၏ စည်းလုံးညီညွတ်မှုဖြင့် ဒေသတွင်း၏ အကျိုးစီးပွားကို ကာကွယ်နိုင်ပြီး ပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးအခြေအနေတွင် အခွင့်အလမ်းများ ရယူနိုင်မည်ဖြစ်ကြောင်းလည်း အလေးပေးဆွေးနွေးသည်။ ထို့အပြင် မြန်မာနိုင်ငံမှ ပို့ကုန်များဖြစ်သည့် CMP နှင့် လယ်ယာပို့ကုန်များအပေါ် ထိခိုက်နိုင်မှုနှင့် လုပ်သား၊ အလုပ်အကိုင်များအပေါ် ထိခိုက်နိုင်မှု အနည်းဆုံးဖြစ်စေရေး ကြိုးပမ်း ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ






နေပြည်တော် မေ ၁၀

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ (မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ) ဦးဆောင်၍ လုပ်ငန်းအဖွဲ့ဝင်များဖြင့်အာရှ-ပစိဖိတ်ဒေသ ပူးတွဲအဖွဲ့(APJG) မျက်နှာချင်းဆိုင်အစည်းအဝေး တက်ရောက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ (၁၄) ကြိမ်မြောက် တိုးတက်မှု အစီရင်ခံစာအပေါ် APJG မှ အကဲဖြတ်သူများ၏ ထပ်မံ မေးမြန်းအကြံပြုချက်များကို ပြန်လည်ရှင်းလင်းဖြေကြားနိုင်ရေးအတွက် လိုအပ်သည့် အချက်အလက်များနှင့် ထပ်မံဖြည့်စွက်ဖြေကြားရမည့် အချက်အလက်များကို လည်းကောင်း၊ မေ ၂၄ ရက်တွင် ကျင်းပမည့် APJG မျက်နှာချင်းဆိုင်အစည်းအဝေးသို့ အွန်လိုင်းဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူအကြီးအကဲများနှင့် အဆင်ပြေ ချောမွေ့စွာ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက APJG မျက်နှာချင်းဆိုင် အစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် ယခုကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ် အခက်အခဲကာလအတွင်း၌ပင် AML/CFT လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံရေးအရ အဆင့်မြင့်အရာရှိကြီးများ၏ စိတ်အားထက်သန်မှု (Political Will) နှင့် သန္နိဋ္ဌာန် ချမှတ်ထားမှု (Political Commitment) တို့ကို ပြသနိုင်ပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ ဆက်လက်၍ လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးက (၁၄) ကြိမ်မြောက် တိုးတက်မှု အစီရင်ခံစာအပေါ် APJG မှ အကဲဖြတ်သူများ၏ ထပ်မံမေးမြန်းအကြံပြုချက်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် လုပ်ငန်းအဖွဲ့ဝင်များက ဖြည့်စွက်ရှင်းလင်းဖြေကြားနိုင်သည့် အချက်အလက်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ချောက်မြို့နယ်၌ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

ချောက် မေ ၁၀

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် ရဟန်းရှင်လူပြည်သူအများ သဘာဝဘေးအန္တရာယ်များမှ ကင်းဝေးစေရန်ရည်ရွယ်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ယမန်နေ့ည ၇ နာရီတွင် ဘုန်းတော်ကြီးကျောင်း စာသင်တိုက်များ၊ ရပ်ကွက်များရှိ ဘုရားစေတီများ၊ ဓမ္မာရုံများနှင့်ဌာနဆိုင်ရာရုံးများ၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ရွတ်ဖတ်ပူဇော်ရာတွင် ချောက်မြို့ပေါ်ရှိ ရွှေပုံတောင် ပရိယတ္တိစာသင်တိုက်၊ စလင်းပရိယတ္တိစာသင်တိုက်နှင့်မဟာဝိဇိတရုံဆင်ဖြူကျွန်းစာသင်တိုက်သုံးတိုက်တွင် ဆရာတော်များက နိုင်ငံတစ်ဝန်းရှိ ရဟန်းရှင်လူ ပြည်သူများ သဘာဝဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် ရတနသုတ်ပရိတ်တော်များ စုပေါင်း ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ငွေကြယ်



# နိုင်ငံရေးပါတီများမှ ငလျင်ဘေးဒဏ်သင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၁၀

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော အင်အားအလွန်ပြင်းထန်သည့် မြေငလျင်ဘေးဒဏ်သင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် နိုင်ငံရေးပါတီ ၂၅ ပါတီက စုပေါင်း၍ အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံရေးပါတီ ၂၅ ပါတီကိုယ်စားလှယ်များက ငွေကျပ် သိန်း ၁၀၀ အား ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

၎င်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။



လာရောက်စုပေါင်းလှူဒါန်းသည့် နိုင်ငံရေးပါတီ ၂၅ ပါတီမှာ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၊ ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ ပြည်သူ့ပါတီ၊ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ရခိုင့်ဦးဆောင်ပါတီ၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေး)၊ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကရင်ပြည်သူ့ပါတီ၊ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ၊ ဒီမိုကရေစီပါတီသစ်(ကချင်)၊ ကချင်ပြည်နယ် ပြည်သူ့ပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ 'ဝ' အမျိုးသားပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ ငြိမ်းချမ်းရေး အကျိုးဆောင်ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ၊ မွန်ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီတို့ဖြစ်ပြီး မေ ၇ ရက်က အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP) မှ ကျပ်သိန်း ၈၀ တန်ဖိုးရှိ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ငါးသေတ္တာ၊ ဆီ၊ ခေါက်ဆွဲ၊ အာလူး၊ ကြက်သွန်ဖြူ/နီ၊ လက်ဖက်၊ အကြော်စုံ၊ ကြာဆံ၊ သောက်ရေသန့်၊ ယိုးဒယားမုန့်မျိုးစုံနှင့် အခြားအသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ မေ ၈ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)မှ ကျပ်သိန်း ၈၀ တန်ဖိုးရှိ ဆန်လေးပြည်အိတ် ၂၅၀၊ ဆီ ၅၀ ကျပ်သားဘူး ၂၅၀၊ ရေသန့် တစ်လီတာဘူး ၂၅၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ငလျင်ဒဏ်သင့် ပညာရေးဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် မေ ၁၀

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိအစည်းအဝေးခန်းမ၌ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဒဏ်သင့် ပညာရေးဝန်ထမ်းများအတွက် အလှူရှင်များ လာရောက်လှူဒါန်းသော အစားအသောက်များနှင့် ထောက်ပံ့ငွေများကို ဦးစီးဌာနအလိုက် ပြန်လည်ဖြန့်ဝေပေးအပ်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပညာရေးဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအတွက် အလှူရှင်များလှူဒါန်းမှုများကို စုပေါင်း၍ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနအလိုက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ခေါက်ဆွဲ စသဖြင့် စားသောက်ကုန်များနှင့် လူသုံးကုန်များ၊ ထောက်ပံ့ငွေများကို ပေးအပ်ခြင်းဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် ငလျင်ဒဏ်သင့် ပညာရေးဝန်ထမ်းများအတွက် သက်ဆိုင်ရာဦးစီးဌာနအလိုက် ကြီးကြပ်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယာယီငလျင်ရှောင်စခန်းများနှင့် နေထိုင်ရန်တဲများ၊ ကျန်းမာရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် စနစ်တကျ စာရင်းဇယားများဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းကိစ္စများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက စားသောက်ကုန်၊ လူသုံးကုန်နှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ သက်ဆိုင်ရာဦးစီးဌာန အလိုက် ညွှန်ကြားရေးမှူးချုပ် များက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းရှိ ယာယီငလျင်ရှောင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ငလျင်ဒဏ်သင့်ဝန်ထမ်းများအား စားသောက်ကုန်၊ လူသုံးကုန်နှင့် ထောက်ပံ့ငွေများကို လက်ဝယ်အရောက်ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျုံပျော်မြို့၌ ဇီဝိတဒါန ငါးလွှတ်ပွဲပြုလုပ်

ကျုံပျော် မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၏ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ တတိယနေ့ကို ကျုံပျော်မြို့ ပင်လုံရပ်ကွက်ရှိ ဒါးကချောင်းရေပြင်၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများက ဒေသတွင်းရေချိုငါးမျိုးများအား ဒါးကချောင်းအတွင်းသို့ ငါးလွှတ်ကုသိုလ်ပြုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့တို့ရှိ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၀

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် မေ ၉ ရက်တွင် တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်မြို့ အမှတ်(၁) နှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းများတွင် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း တက်ရောက်လျက်ရှိကြသည့် ဆရာ ဆရာမများအား တွေ့ဆုံအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးမြို့ပေါ်ရှိတက္ကသိုလ်များနှင့် ပညာရေးဒီဂရီကောလိပ်သို့သွားရောက်၍ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား



ပြောကြားကာ ငလျင်ဒဏ်သင့် ဝန်ထမ်းများ နေထိုင်စားသောက်မှု အဆင်ပြေရေး၊ ရေ၊ မီးပြည့်စုံရေး၊ ဇွန်လတွင် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကာ ငလျင်ဒဏ်ကြောင့် ပင်မဆောင် ပြိုကျပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး မန္တလေးငလျင်ဒဏ်သင့် ဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

မန္တလေး မေ ၁၀

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မန္တလေးငလျင်ဒဏ်သင့် ဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းများနှင့် မှီခိုသူမိသားစုများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို မေ ၁၀ ရက်က မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ကျင်းပသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လူနေအိမ်နှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများရှိခဲ့ရာ မိမိတို့၏ဥပဒေရုံးအဆင့်ဆင့်နှင့် ဝန်ထမ်းအိမ်ရာများ၊ လူနေအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုထိခိုက်ပျက်စီးဆုံးရှုံးမှုများကို စစ်တမ်းစာရင်းကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်ပြီး တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဒဏ်သင့် ဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းများနှင့် မိသားစုဝင်များ လတ်တလောအဆင်ပြေစေရန် ကူညီထောက်ပံ့ရေးပစ္စည်းများ လာရောက်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်လာသော စိုးရိမ်ကြောင့်ကြမှု၊ ကြောက်ရွံ့ထိတ်လန့်မှုများကို ခေတ္တဖယ်ရှား၍ စိတ်ဓာတ်များ ပြန်လည်မြှင့်တင် ပူးပေါင်းဆောင်ရွက်ကြပါရန်၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရုံးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရေး ကြိုးစားကြစေလိုကြောင်းစသည်ဖြင့် အားပေးစကား ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းနှင့်မိသားစုများ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် အလှူရှင်များလှူဒါန်းသည့် Disaster Kit Box ပုံး ၁၀၀၊ ဆေးရည်စိမ်ခြင်ထောင် အလုံး ၂၀၀၊ ဆန်၊ ဆီ၊ ကြက်ဥကတ်များနှင့် အသင့်စားခေါက်ဆွဲထုပ်များကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ငလျင်ဒဏ်သင့် ပျက်စီးဆုံးရှုံးသည့် ရုံးများ၊ အိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းနှင့် မိသားစုဝင်များအား အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဒဏ်သင့် ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်

နေပြည်တော် မေ ၁၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မေ ၉ ရက်က မန္တလေးတိုင်းဒေသကြီး အတွင်း ငလျင်ဒဏ်သင့် ဝန်ကြီးဌာနအောက်ရှိ ဌာန၊ လုပ်ငန်းရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအား တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ သစ်တောဦးစီးဌာန ခရိုင်ရုံးနှင့် မြို့နယ်ရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ၊ ပျော်ဘွယ်မြို့ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ၊ မိတ္ထီလာမြို့ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့ရှိ မြို့မပျိုးဥယျာဉ်အတွင်း အထူးစိမ်း၊ တစ်ရွာနှစ်ဧကကျေးရွာစိုက်ခင်းနှင့် လူထုဖြန့်စိုက်ပျိုးခြင်းများအတွက် ပျိုးပင်ပေါင်း ၁၃၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အမရပူရမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း တိုင်းရုံးအဆောက်အအုံ၊ ဧည့်ရိပ်သာနှင့် ဝန်ထမ်းနေအိမ်များကို လည်းကောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန တိုင်းရုံး အဆောက်အအုံများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် သတ္တုတွင်းဦးစီးဌာနများ၏ တိုင်းတာဝန်ခံရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ၏ ထိခိုက်ပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ်ရှိသစ်တောဦးစီးဌာန ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းရှိ စာသင်ဆောင်၊ အိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာများကို လည်းကောင်း၊ မြို့နယ်သစ်တောရုံးနှင့် ဝန်ထမ်းအိမ်ရာများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ် ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီး(မြို့မ) ပျိုးဥယျာဉ်အတွင်း လူထုဖြန့်စိုက်ပျိုးရန် ပျိုးပင်တစ်သိန်းကျော် ပျိုးထောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ်ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးသို့ သွားရောက်၍ ရုံးအဆောက်အအုံနှင့် ဂိုဒေါင်များ၊ ဝန်ထမ်းအိမ်ရာများ၏ ထိခိုက်ပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ်ရုံး၊ စန္ဒကူးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဝန်ထမ်းမိသားစုများနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်ကြီးမြို့နယ်ရှိ ငလျင်ဘေးသင့် အဆောက်အအုံများ ဖယ်ရှားရှင်းလင်းရေး ဆက်လက်ဆောင်ရွက်လျက်ရှိ

ပုသိမ်ကြီး မေ ၁၀

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြို့သာကုန်းကျေးရွာတွင် မန္တလေးမြေငလျင်ကြီး၏ ငလျင်ဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသော ပြည်သူများ၏ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိ အဆောက်အအုံများ ရှင်းလင်းဖယ်ရှားခြင်းကို ယနေ့နံနက် ၈ နာရီက တာဝန်ရှိသူများ ပူးပေါင်း၍ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များ၊ မိုင်ကုန်းအရန်မီးသတ်တပ်ဖွဲ့ဝင်များက နေထိုင်ရန်မသင့် အဆောက်အအုံများ ရှင်းလင်းဖယ်ရှားခြင်း၊ တန်ဖိုးရှိပစ္စည်းများ ကူညီရှာဖွေခြင်းလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြန်ကြားရေးဝန်ကြီးဌာနရှိ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်

## မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ဝန်ထမ်းမိသားစုများအတွက် စားသုံးဆီဘူး ၁၂၀၀ လာရောက်လှူဒါန်း

**နေပြည်တော် မေ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာနရှိငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အင်အား ပြင်းထန်သည့်ငလျင်လှုပ်ခတ်မှုကြောင့်ပြည်သူများနှင့် ဝန်ထမ်းများ ထိခိုက်ဆုံးရှုံးမှုရှိခဲ့ကြောင်း၊ ငလျင် ကြောင့် တချို့ဌာနများတွင် ထိခိုက်သေဆုံးမှုနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများပြားခဲ့သော် လည်း မိမိတို့ဌာနအနေဖြင့် ထိခိုက်သေဆုံးမှုနည်းပါး ခဲ့သည်မှာ အဆိုးထဲမှ အကောင်းဟု ယူဆနိုင်ပြီး စိတ်အားတင်းရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ပြည်သူလူထုနှင့် ဝန်ထမ်းများထံ သတင်းမှားများ မရောက်ရှိစေရန် အရေးကြီးသည့်အတွက် မိမိတို့ နိုင်ငံပိုင်မီဒီယာများနှင့် အွန်လိုင်းတို့မှတစ်ဆင့် သတင်းမှန်များ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးရမည် ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ လာရောက်လှူဒါန်းသည့် စားသုံးဆီဘူးများကို လက်ခံရယူစဉ်။

ဖြစ်ပေါ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် မိမိတို့နေရပ် များသို့ ပြန်လည်နေထိုင်နေကြသည့် ဝန်ထမ်းများ ရှိသကဲ့သို့ လုပ်ငန်းတာဝန်များကို ပုံမှန်ထမ်းဆောင် နေကြသည့် ဝန်ထမ်းများလည်းရှိကြောင်း၊ ထို့ကြောင့် သင်္ကြန်ပိတ်ရက်များအပြီးတွင် ဝန်ထမ်းများအားလုံး မိမိတို့သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို ပြန်လည် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ အနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နေကြရသူများ ဖြစ်သည့်အတွက် အားလုံးထက်ပို၍ စိတ်ဓာတ်သန်မာရန်လိုအပ် ကြောင်းနှင့် ပြည်သူများ၊ အခြားဝန်ထမ်းများအား စိတ်ခွန်အားပေးရင်း မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြစေလိုကြောင်း ပြောကြား သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးရုံး နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းမိသားစု များအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းမိသားစုများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ် သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်း ဦးဆောင်သည့်အဖွဲ့က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအတွက် စားသုံးဆီဘူး ၁၂၀၀ ကို လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းများ ပြန်လည်ပြုပြင်နေမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် မေ ၁၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင် ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်လမ်းများ ပြန်လည် ပြုပြင်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်း ဦးနှင့် တာဝန်ရှိသူများသည် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီ လမ်းမကြီးတစ်လျှောက် ပြန်လည်ပြုပြင်ဆောင်ရွက် နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေး နှင့် အမြန်ပြီးစီးရေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ငလျင်ဘေးကြောင့် ထိခိုက် ပျက်စီးခဲ့သည့် ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်း နှင့် ဇမ္ဗူသီရိမြို့နယ် ဉာဏအောင်မြေလမ်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိ ခန်းမ၌ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင် များအသင်းက နေပြည်တော်ကောင်စီသို့ စားသုံးဆီ ၅၀ ကျပ်သားဘူး ၂၅၂၀ နှင့် ငွေကျပ်သိန်း ၂၀၀ ကို



ပေးအပ်လှူဒါန်းခဲ့ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရ သည်။

**မျိုးသီဟ (ပြန်/ဆက်)**

## YMBA အသင်းက ငလျင်ဘေးသင့်ဒေသများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ပဲခူး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) က ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ဒေသကြီး အစိုးရအဖွဲ့ရုံးသို့ သွားရောက်၍ ငလျင်ဘေးသင့် ပြည်သူများအတွက် အလှူငွေ များ ပေးအပ်လှူဒါန်းခဲ့သည်။

အလှူငွေ ပေးအပ်လှူဒါန်းရာ တွင် ပဲခူးတိုင်းဒေသကြီး YMBA အသင်းဥက္ကဋ္ဌ ဦးလှတင်ဦးနှင့် အသင်းဝင်များက ငလျင်ဘေးသင့် ဒေသများအတွက် အလှူငွေကျပ် သိန်း၃၀ ကို ပဲခူးတိုင်းဒေသ ကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး



အောင်သောင်းထိုက်ထံ ပေးအပ် လှူဒါန်းခဲ့ရာ ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ခဲ့သည်။

**လှူဒါန်း**

ပဲခူးတိုင်းဒေသကြီး ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA) အနေဖြင့် ငလျင်ဘေးသင့်ဒေသ များအတွက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဗဟို)သို့ အလှူငွေကျပ် ၁၀ သိန်း လှူဒါန်း ပေးခဲ့သည့်အပြင် ပဲခူးတိုင်းဒေသ ကြီး (အနောက်ခြမ်း)မှ တိုင်းဒေသ ကြီး ဒုတိယဥက္ကဋ္ဌ(၂) ဦးဆောင်ပြီး ငွေကျပ်သိန်း ၁၀၀ ကျော်တန်ဖိုး ရှိ အလှူပစ္စည်းများကိုလည်း ဆက်လက် လှူဒါန်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ အခမ်းအနားမှူးသင်တန်း ဖွင့်လှစ်

**ထားဝယ် မေ ၁၀**

တနင်္သာရီ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ အခမ်းအနားမှူး သင်တန်းကို ယနေ့မွန်းလွဲပိုင်းက ထားဝယ်မြို့ တိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

သင်တန်းတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းစောဥမ္မာဝင်းက သင်တန်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် Master of Ceremony (MC) တစ်ဦးတွင် ရှိရမည့်အဓိကအရည်အချင်းများ၊ အခမ်းအနားမှူး တစ်ယောက်၏ အရည်အချင်း၊ အခမ်းအနားမှူး၏ ဝတ်စားဆင်ယင်မှု၊ အသံအနေ အထား၊ မိုက်ကရိုဖုန်းနှင့် ပြောဆို ရမည့်နည်းလမ်းများ၊ အသံ အဖြတ်အတောက်၊ အနိမ့်အမြင့် အသုံးအနှုန်းများ အကြောင်းကို စာတွေ့၊ လက်တွေ့လေ့ကျင့် သင်ကြား ပြသပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ယူအေအီးနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ

**နေပြည်တော်　မေ　၁၀**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး မြေငလျင်ကြီးကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ယူအေအီးနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများတင်ဆောင်လာသည့် Aerostan လေကြောင်းလိုင်းမှ လေယာဉ်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီး အဆိုပါလေယာဉ်တွင် မြန်မာနိုင်ငံ ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် လှူဒါန်းသည့် ဆေးဝါးများနှင့် ယာယီတဲများ စုစုပေါင်း ၆၅ ထုပ် ကီလိုဂရမ် ၂၄၈၆၀ ကို တင်ဆောင်၍ ရောက်ရှိလာသည်။



ဆက်လက်ပြီး ယနေ့မွန်းလွဲပိုင်းတွင် ယူအေအီးနိုင်ငံ UAE Air Force မှ Cargo Flight (ကယ်ဆယ်ရေးပစ္စည်း)တင်ဆောင်လာသည့် လေယာဉ်သည် မြန်မာနိုင်ငံငလျင်ဘေးဒဏ်သင့်ဒေသများအတွက် လှူဒါန်းသည့် အစားအစာများနှင့် ယာယီတဲများ စုစုပေါင်း ၃၆ ထုပ် ၃၃၅၈၂ ကီလိုဂရမ် တင်ဆောင်၍ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေး နှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများက လက်ခံကြိုဆိုခဲ့ကြ သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများအား လိုက်လံကြည့်ရှုပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ယူအေအီးနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် ကူညီကယ်ဆယ်ရေးအဖွဲ့တို့အား တွေ့ဆုံနှုတ်ဆက်၍ ကူညီမှုများအပေါ် ကျေးဇူးတင်စကားပြောကြားကာ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ယင်းသို့ ရောက်ရှိလာသည့်ပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာယာဉ်များပေါ်သို့တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။　**သတင်းစဉ်**

# နီပေါနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ ထပ်မံရောက်ရှိ

**နေပြည်တော်　မေ　၁၀**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ နီပေါနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ စုစုပေါင်းပစ္စည်းတန်ချိန် ၂၅၄၄၅ ကီလိုဂရမ် တင်ဆောင်လာသော A-330 အမျိုးအစား လေယာဉ်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ရောက်ရှိကြသည်။

အဆိုပါ ပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E.Mr.Harishchandra Ghimire က လွှဲပြောင်းပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မင်းသိဏ်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။　**သတင်းစဉ်**



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်　မေ　၁၀**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၉ ရက်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံစေတီ၊ တကောင်းရပ်ကွက်ရှိ မဟာစေတီ၊ ပန်းဘဲတန်းရပ်ကွက်ရှိ ရတနာဆင်များရှင်စေတီ၊ မင်းလမ်းရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ချင်းစုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုများနှင့် ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးတို့အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ဧရာဝတီမြစ်ကူးတံတား(ရတနာပုံ) တံတားကြီး၏ ချဉ်းကပ်လမ်းများ အက်ကွဲသွားသဖြင့် ကြံ့ခိုင်မှုစစ်ဆေးနေစဉ် အဆိုပါတံတားပေါ်၌ ယာဉ်များ ဖြတ်သန်းသွားလာနေမှုများအား လည်းကောင်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဥမင်ကိုးဆယ်စေတီတော်ကြီးနှင့် ဟံသာဂီရိ ဘုန်းတော်ကြီးကျောင်း သာသနိကအဆောက်အအုံများ ပြိုကျပျက်စီးနေမှုအခြေအနေများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ ဝန်ထမ်းအိမ်ရာ၊ စစ်ကိုင်းခရိုင်မီးသတ်ဦးစီးဌာနရုံး၊ စာသင်ကျောင်းများ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးတို့အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် သောက်သုံးရေအဆင်ပြေစေရန်အတွက် တပ်မတော်ရေသန့်ဖြန့်ဝေရေးယာဉ်တို့မှ ဧရာဝတီမြစ်ရေကို သန့်စင်၍ သောက်သုံးရေဖြန့်ဝေပေးနေမှုများအား ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်နှင့် Sky Villa နေရာသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ မန္တလေးမြို့ စန္ဒာမုနိဘုရား၊ အရိပ်မထွက် ဘုရား၊ စကုကျောင်းတိုက်၊ စူဠာမဏိစေတီတော်နှင့် မဟာမုနိဘုရားကြီးသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော မန္တလေးမြို့ တိမ်ဖြူဟိုတယ်၊ ကျူးလစ်ဟိုတယ်၊ ဝင်းစတားဟိုတယ်၊ မန်းမြန်မာပလာဇာ၊ Ayawaddy River View ဟိုတယ်နေရာများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများကလည်းကောင်း သွားရောက်၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် မြင်းခြံ-မြစ်သား ရေဝန်းလမ်းပေါ်ရှိ ငလျင်ဒဏ်သင့်၍ ကွဲအက်နိမ့်ကျ ပျက်စီးသွားသော မိုင်တိုင် ၄၆/၄ မှ ၄၇/၀ ထိ သုံးဖာလုံနေရာ၊ စမုံတံတားအနီးရှိ ပျက်စီးသွားသော လမ်းပိုင်းနေရာ၊ မြစ်သားမြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ ပြိုကျပျက်စီးအဆောက်အအုံများ၊ မြစ်သားမြို့ ရွှေမုဋ္ဌောစေတီနေရာ၊ ကူမဲမြို့ ယုဇနတံတားပျက်စီးမှုနေရာနှင့် ကူမဲမြို့ ရန်ကုန်-မန္တလေး လမ်းပေါ်ရှိ ပြိုကျပျက်စီးသွားသော အဆောက်အအုံများအား သွားရောက်ကြည့်ရှု၍ အပျက်အစီးများကို ရှင်းလင်းဖယ်ရှားပြီး အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ကင်းတားဘက်စုံရေလှောင်တမံ ကြံ့ခိုင်မှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားပြီး ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် စေတနာရှင် အလှူရှင်များက လှူဒါန်းသော လှူဖွယ်ပစ္စည်းများအား လက်ခံခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ဒက္ခိဏသီရိ မြို့နယ်တို့ရှိဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စစ်မှုထမ်းဟောင်းအိမ်ရာများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေး လုပ်ငန်းများ ဆောင်ရွက်ပေးကြပြီး ယာယီဆေးရုံရှိဆေးရုံတက်လူနာများအား စားသောက်ဖွယ်ရာများနှင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။　**သတင်းစဉ်**

## မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်နေ့မှ နှောင်းတန်ခူး လပြည့်ကျော် ၄ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော် ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့် အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်း မွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝအပျော်လွန်ရာမှ ကြမ်းတမ်းစွာရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သားမခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၈၆ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန် ဖြစ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာ မဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်း လိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

## ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ယာယီနေရပ်စွန့်ခွာ၍ တွဲဖက်တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့ရှိ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန အနီးစခန်းပင်မ ဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ယာယီနေရပ်စွန့်ခွာ၍ ပြင်ဦးလွင်မြို့ရှိ ရုံးဌာနများတွင် တွဲဖက်တာဝန် ထမ်းဆောင်လျက်ရှိသည့် ယာယီနေရပ်စွန့်ခွာ ဝန်ထမ်းများအား တွေ့ဆုံ၍ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အနီးစခန်းပင်မဓာတ်အားခွဲရုံရှိ ဓာတ်အားထိန်းချုပ်ခန်းအတွင်း လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် Switchyard အတွင်း လက်ရှိဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၏ ဝန်အားထိန်းညှိဖြန့်ဖြူးနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ်ရှိ ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံစီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း ထရန်စဖော်မာများနှင့် Shunt Reactor တပ်ဆင်ပြီးစီးမှု၊ Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်ပြီးစီးမှု၊ 500 kV Switch Bay နှင့် 230 kV Switch Bay တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် Control Building တည်ဆောက်ခြင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုအကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံစီမံကိန်းသည် လက်ရှိတွင် စီမံကိန်းတစ်ခုလုံးအနေဖြင့် ၉၇ ဒသမ ၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကာ စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စေတနာရှင် အလှူရှင်များက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ငလျင်ဒဏ်သင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ၊ ဆန်နှင့်ဆီများ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၁၀**

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)မှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ငလျင်ဒဏ်သင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ၊ ဆန်၊ ဆီနှင့် ငါးများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ (အပေါ်ထပ်) ရုံးအမှတ် (၃၁)၌ ကျင်းပသည်။




အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ နာယကနှင့် Royal Thant Family Company Limited တော်ဝင်သန့်မိသားစု ကုမ္ပဏီလီမိတက် (ပြည်တွင်း ပင်လယ်ငါးဖမ်းလုပ်ငန်း)မှ စီမံ တာဝန်ခံက အလှူရှင်များ ကိုယ်စား လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ငလျင်ဒဏ်သင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ၊ ဆန်၊ ဆီနှင့် ငါးများ ပေးအပ် လှူဒါန်းခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌက ဒုတိယဝန်ကြီး ဦးအေးထွန်းထံသို့ လည်းကောင်း၊ The General Council of Assemblies of God of Myanmar က ဒုတိယဝန်ကြီး ဒေါ်နုမြဖံထံသို့ လည်းကောင်း အလှူငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ် (MECA)နှင့် အလှူရှင်များက ရေသန့်ဘူးများ၊ စားသောက်ဖွယ်ရာများ၊ ဆန်အိတ်များ၊ ဆီဘူးများ၊ ငါးများ၊ အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

**ကျေးဇူးတင်စကား ပြောကြား**

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်နုမြဖံက ကျေးဇူးတင်စကား ပြောကြားသည်။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)၊ The General Council of Assemblies of God of Myanmar၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်(MECA)၊ Royal Thant Family Company Limited တော်ဝင်သန့်မိသားစု ကုမ္ပဏီလီမိတက် (ပြည်တွင်းပင်လယ် ငါးဖမ်းလုပ်ငန်း) စီမံတာဝန်ခံ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးမှ တာဝန်ရှိသူများ စသည့် အလှူရှင်တို့က ငလျင်ဒဏ်သင့် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် ဆန် ၂၄ ပြည်အိတ် ၁၀၀၊ ဆီတစ်လီတာဘူး ၁၀၀ နှင့် ငွေကျပ် သိန်း ၂၀၀၊ ငါးမည်းလုံး ပိဿာ ၅၀၀ တန်ဖိုးအားဖြင့် ကျပ်သိန်း ၁၀၀ ခန့်နှင့်ရေသန့်ဘူး၊ စားသောက်ဖွယ်ရာများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ် ဘာသာရေးအဖွဲ့ကြီးက ငလျင်ဒဏ်ကြောင့် သေဆုံးခဲ့သည့် ဝန်ထမ်း ၁၁ ဦးအတွက် အလှူငွေကျပ် ၅၅ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၀

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတွင် မေ ၁၀ ရက်အထိ သေဆုံးသူ ၃၆၇၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၁၇ ဦးနှင့် ပျောက်ဆုံးသူ ၁၄၁ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၂၄ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ မေ ၉ ရက် ညနေပိုင်းမှ မေ ၁၀ ရက်အတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် နီပေါနိုင်ငံတို့မှ လေယာဉ်စင်းရေ သုံးစင်း တို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ချိန် ၉၁ ဒသမ ၂၆ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်းပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် စိုက်/မွေး/ဆည်ဝန်ကြီးဌာန ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် မေ ၁၀

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ကြရသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ မန္တလေးတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား ယနေ့တွင် သက်ဆိုင်ရာဒေသရုံးများ၌ သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနရုံးတွင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်မှ ဝန်ထမ်းများအားလည်းကောင်း၊ မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတွင် မြစ်သားမြို့နယ်မှ ဝန်ထမ်းများအားလည်းကောင်း၊ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတွင် ကျောက်ဆည်ခရိုင်နှင့် မြို့နယ်များမှ ဝန်ထမ်းများအား လည်းကောင်း၊ စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတွင် စဉ့်ကိုင်မြို့နယ်မှ ဝန်ထမ်းများအား လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတွင် တိုင်းဒေသကြီး၊ ခရိုင်တို့မှ ဝန်ထမ်းများအား လည်းကောင်း စုစုပေါင်း အရာထမ်း၊ အမှုထမ်း ၃၅၂၇ ဦးအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရမှု အခြေအနေ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ ဌာနပိုင်အဆောက်အအုံများနှင့် ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို စိစစ်မေးမြန်းပြီး ပြည်ထောင်စုဝန်ကြီးက အားပေးစကားပြောကြားရာ၌ ယခုကြုံတွေ့ခဲ့ရသည့် ငလျင်ဘေးကြောင့် မိမိတို့ ဝန်ထမ်းများအတွက် ထိခိုက်မှုအချို့ရှိခဲ့သော်လည်း မိမိတို့ထက်ပိုမိုထိခိုက်ပျက်စီးခဲ့သည့် ဒေသများ၊ လူပုဂ္ဂိုလ်များနှင့် နှိုင်းယှဉ်ကြည့်ပြီး စိတ်ပျက်အားငယ်မှုမထားဘဲ မိမိတို့၏ မူလတာဝန် ဝတ္တရားများကို အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းကြစေလိုကြောင်း၊ မိမိတို့ တိုက်ရိုက်ထိတွေ့ ဝန်ဆောင်မှုပေးနေကြရသည့် တောင်သူများ၏ အကျိုးစီးပွားနှင့် ပြည်သူများ၏ စားရေရိက္ခာဖူလုံရေး မျှော်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အားသစ်မွေးကြစေလိုကြောင်း၊ ကြိုတင်တွက်ဆ၍မရနိုင်သော သဘာဝဘေးကို ကြံ့ကြံ့ခံဖြတ်ကျော်နိုင်ရန် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် ရေသောက်စနစ်ပြောင်းလဲမှု၊ မြေဆီလွှာပြောင်းလဲမှုနှင့် စိုက်ပျိုးထုတ်လုပ်မှုအပေါ် နောက်ဆက်တွဲ သက်ရောက်နိုင်မည့် အခြေအနေများကို မိမိတို့ ကျွမ်းကျင်ရာ ပညာရပ်များဖြင့် ဖြေရှင်းပေးနိုင်ရန်နှင့် လိုအပ်ချက်များကို သက်ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ ဌာနအဖွဲ့အစည်းများအကြား အပြန်အလှန် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကျန်းမာရေးဝန်ထမ်း မိသားစုဝင်များနှင့် လူနာများအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းငွေလက်ခံ

နေပြည်တော် မေ ၁၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် မေ ၉ ရက် နံနက်ပိုင်းတွင် ကျန်းမာရေး ဝန်ထမ်းမိသားစုများနှင့် လူနာများအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်သိန်း ၅၀၀ လှူဒါန်းခြင်းကို လက်ခံသည်။

အဆိုပါ လှူဒါန်းငွေပေးအပ်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အလှူရှင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်






# ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိ

ပဲခူး မေ ၁၀

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမသို့ ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းကြသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စာနာထောက်ထားမှုအပြည့်ဖြင့် လာရောက်လှူဒါန်းကြသည့် စေတနာရှင်၊ အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ မေ ၉ ရက်တွင် Hansae Bago Co., Ltd မှ အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ တန်ဖိုးရှိ အဝတ်အထည်များနှင့် သီးခြားအလှူငွေကျပ်သိန်း ၁၀၀၀ နှင့် ယနေ့တွင် ဂမုန်းပွင့်ကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၁၀၀၀၊ မော်ကွန်းရွှေကုမ္ပဏီ + Healthy First Organic Group မှ ငွေကျပ်သိန်း ၁၁၀ တို့အား ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “KO Thae” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာတော်ကုန်းကျေးရွာနေ သန့်ဇင်ဦး (ခ)သဲမောင်အား နံနက် ၉ နာရီ ၂၅ မိနစ်တွင် အင်းတကော်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-
- (က) မူးယစ်သောက်စားယာဉ်မမောင်းရ။
- (ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
- (စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
- (ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်) မပါဘဲ မမောင်းရ။
- (ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
- (ည) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်/ ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်းလုံးဝမပြုရ။
- (ဋ) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်) သည် သတ်မှတ်ထားသည့် ဝန်အလေးအချိန်(လူဦးရေ) ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ ရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးထားပြီး ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ “သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်”

**ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့**

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ

**နေပြည်တော် မေ ၁၀**

ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘိလပ်မြေရေယာဉ်များ စဉ်ဆက်မပြတ်ရောက်ရှိလျက်ရှိပြီး ယခုတန်ချိန် ၁၅၀၀ တင်ဆောင်လာသည့် ရေယာဉ်သည် ရန်ကုန်မြို့ ရွှေပြည်သာ ရွှေမဲဆိပ်ကမ်းသို့ မေ ၉ ရက် ညနေပိုင်းတွင် ထပ်မံရောက်ရှိခဲ့၍ ယနေ့နံနက်ပိုင်းတွင် ဈေးကွက်အတွင်း ဖြန့်ဖြူးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သော ဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေ တင်ဆောင်လာသည့် ရေယာဉ်များပါ အပတ်စဉ် ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဧပြီ ၁၀**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ တဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ညမှ ဧပြီ ၁၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ဧပြီ ၁၂ ရက်မှ ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုအန္တရာယ်များကိုလည်းကောင်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ










# ၂၀၂၅ ခုနှစ် ဧပြီလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅ ရက်မှ ၈ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ရက်မှ ၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဧပြီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်အောက်လျော့နည်းနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ဧပြီလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့်၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်နှင့် ပဲခူးမြို့တွင် နှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့်နှင့် ဘီလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုး/ဇလ

# တိုက်ကြီးမြို့နယ်၌ ငါးခြောက်လုပ်ငန်းနှင့် ဝါးခမောက်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည့် သမဝါယမအသင်းသားများအား ပံ့ပိုးချေးငွေပေးအပ်

**ရန်ကုန် ဧပြီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ သမဝါယမအသင်းသားများအား (OVOP) အစီအစဉ်ဖြင့် ပံ့ပိုးချေးငွေပေးအပ်ပွဲအခမ်းအနားကို တိုက်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၈ ရက်က ကျင်းပသည်။

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးက လုပ်ငန်းရှင်များအနေဖြင့် (OVOP) လုပ်ငန်းပံ့ပိုးချေးငွေကိုရယူပြီး မှန်မှန်ကန်ကန်ပေးဆပ်ကြရန်၊ ခရိုင်အတွင်းရှိ MSME လုပ်ငန်းများ များများစားစားလုပ်ကိုင်၍ လုပ်ငန်းရှင်များစုစည်းပြီး အကြီးစားစက်မှုလုပ်ငန်းကို ဦးတည်ကာ နိုင်ငံတော် GDP တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ခရိုင်မြို့နယ်အတွင်းရှိ ငါးခြောက်လုပ်ငန်းလုပ်ကိုင်သည့် သမဝါယမအသင်းသား ၁၇ ဦးအနက် ပံ့ပိုးချေးငွေလိုအပ်သည့် သမဝါယမအသင်းသား ၁၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၇၀၀၀၀၀ နှုန်း၊ ဝါးခမောက်လုပ်ငန်းလုပ်ကိုင်သည့်သမဝါယမအသင်းသားတစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀၀ နှုန်းဖြင့် အသင်းသား ၁၀ ဦးတို့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးသူအောင်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မြင့်ဦး



# ပန်းတနော်မြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေး

ပန်းတနော် ဧပြီ ၁၀

ဧရာဝတီတိုင်း ဒေသကြီး ပန်းတနော်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဦး ဦးဆောင်မှုဖြင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မြို့ကွက်သစ် BOC လမ်းရှိ ဧရာရွှေဝါ (TAL)စက်သုံးဆီအရောင်းဆိုင်၌ မီးဘေးလုံခြုံရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။



အသိပညာပေး စစ်ဆေးဆောင်ရွက်ရာတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန် စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများအား ပညာပေး ရှင်းလင်းပြောကြားပြီး လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုနှင့် မီးသတ်ဆေးဘူးများ အသုံးပြုပုံတို့ကို ပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်စခန်းမှူး ဦးဇေဇေအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးနှင့် ဆီသိုလှောင်ကန်အနီး ပတ်ဝန်းကျင်သို့ မီးမကူးစက်နိုင်ရန်အတွက် အအေးပေးစနစ်ဖြင့် အပူရှိန်လျှော့ချခြင်းနှင့် မီးငြိမ်းသတ်နည်းစနစ်များကို လက်တွေ့သင်ကြားပြသခဲ့ကြောင်း သိရသည်။ **မိုးဟိန်းထက်**

# လေးမျက်နှာမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်

လေးမျက်နှာ ဧပြီ ၁၀

ဧရာဝတီတိုင်း ဒေသကြီး လေးမျက်နှာမြို့နယ် မီးသတ်ဦးစီးမှူး ဦးရဲနောင်ဝင်းကြီးကြပ်မှုဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးစစ်ဆေးရာတွင် လေးမျက်နှာမြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးထက်ဝေဦးနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက လူနေအိမ်အဆောက်အအုံများ မီးဘေးလုံခြုံရေးစစ်ဆေးမှုများအား ဆောင်ရွက်ခြင်း၊ မီးဘေးကာကွယ်တားဆီးနိုင်ရေးအတွက် လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များအား အသိပညာပေး မှာကြားခြင်းတို့ ဆောင်ရွက်ပြီး နေအိမ်များအတွင်း၌ လျှပ်စစ်သွယ်တန်းသုံးစွဲမှု အခြေအနေများ၊ မီးသုံးစွဲမှုအခြေအနေများ၊ မီးဘေး တားဆီးကာကွယ်ရေး ပစ္စည်းများ ထားသိုသုံးစွဲမှုအခြေအနေများ စစ်ဆေးကာ အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရော့ဦးသာ**



# ပျဉ်းမနား–တောင်တွင်းကြီး–ပျဉ်းမနား လမ်းပိုင်းတွင် လူစီးကုန်တင်ရထားများ စတင်ပြေးဆွဲပေးလျက်ရှိ

နေပြည်တော် ဧပြီ ၁၀

မတ် ၂၈ ရက်တွင် ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် ရထားလမ်းပိုင်းနှင့် တံတားအချို့ ပျက်စီးခဲ့မှုများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ပြီး ရန်ကုန်–မန္တလေး ရထားလမ်းပိုင်းတွင် လူစီးရထားနှင့်ကုန်ရထားများ၊ ကုန်သေတ္တာရထားများကို ဧပြီ ၅ ရက်မှစ၍ ပြန်လည်ပြေးဆွဲခဲ့ပြီးဖြစ်သည်။



ယခုအခါရထားလမ်းပိုင်း ပိုမိုတောင့်တင်းကြံ့ခိုင်စေရန်အတွက် ရန်ကုန်–မန္တလေးလမ်းပိုင်းအတွင်းရှိ ရွာပုလဲဘူတာနှင့် ဟံဇာဘူတာကြား၊ ညောင်လွန့်ဘူတာနှင့် မကျီးပင်ဘူတာကြား၊ ဖြူးဘူတာနှင့် ညောင်ပင်သာဘူတာများကြားတွင် ကျောက်ဖြည့်ပက်ကင်ရိုက်ခြင်း၊ ကွန်ကရစ်ဇလီဖားတုံး ညှိခြင်းများကို All TM စက်ယန္တရားကြီးများဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ခရီးသွားပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များ အဆင်ပြေစွာ သယ်ယူပို့ဆောင်ပေးနိုင်ရေး ပျဉ်းမနား–တောင်တွင်းကြီး လမ်းပိုင်းတွင် အမှတ်(၁၀၃) အဆန်၊ အမှတ် ၁၀၄ အစုန် ပျဉ်းမနား–တောင်တွင်းကြီး–ပျဉ်းမနား လူစီးကုန်တင်ရထားများအား ယနေ့မှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးလျက်ရှိရာ အမှတ်(၁၀၃) အဆန် လူစီးကုန်တင်ရထားသည် ပျဉ်းမနားဘူတာမှ မွန်းလွဲ ၂ နာရီတွင် စတင်ထွက်ခွာ၍ တောင်တွင်းကြီးဘူတာသို့ ည ၈ ရီတွင်လည်းကောင်း၊ အမှတ် (၁၀၄) အစုန်လူစီးရထားသည် တောင်တွင်းကြီး မှနောက်နေ့ နံနက် ၅ နာရီတွင် စတင်ထွက်ခွာ၍ ပျဉ်းမနားသို့ နံနက် ၁၁ နာရီတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

အဆိုပါ ရထားတွင် ရိုးရိုးတန်းလူစီးတွဲ ငါးတွဲနှင့် ဘရိတ်တွဲတစ်တွဲ ပါဝင်မည်ဖြစ်ပြီး လက်မှတ်ခနွှန်းထားနှင့် လမ်းခရီးတွင် ရပ်နားမည့်ဘူတာများမှာ ယခင်အတိုင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၄-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၆၀ | ၃၁၃၀ | ၃၀၆၀ | ၃၁၇၀ | ၃၁၈၅ | ၃၂၀၀ | ၃၁၂၀ | ၄၅၀၅ | ၃၄၁၀ | ၃၁၃၅ | ၃၁၄၀ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၅ | ၃၄၅၀ |
| 95 Ron | ၃၁၁၀ | ၃၂၂၀ | ၃၁၉၀ | ၃၁၂၅ | ၃၂၃၀ | ၃၂၄၅ | ၃၂၆၀ | ၃၁၈၀ | ၄၅၆၀ | ၃၄၇၅ | ၃၁၉၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၃၅ | ၃၂၅၅ | ၃၅၁၀ |
| HSD (500 ppm) | ၂၅၉၀ | ၂၇၀၅ | ၂၆၇၀ | ၂၆၀၅ | ၂၇၁၀ | ၂၇၂၅ | ၂၇၄၅ | ၂၆၆၅ | - | ၂၉၁၅ | ၂၆၈၀ | ၂၆၈၀ | ၂၇၅၀ | ၂၇၁၅ | ၂၇၄၀ | ၂၉၉၅ |
| HSD (50 ppm) | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | ၄၈၃၀ | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ |
| HSD (10 ppm) | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | - | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၇ | ၂၉၆၈ |
| 95 Ron | ၂၉၃၆ | ၃၀၂၈ |
| HSD (500 ppm) | ၂၄၃၅ | ၂၅၁၃ |
| HSD (50 ppm) | ၃၀၂၅ | ၃၁၁၅ |
| HSD (10 ppm) | ၃၀၂၅ | ၃၁၁၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၆၇၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဧပြီ ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဧပြီ ၁၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၆၇၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ကယားပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများသို့ ဆေးဝါးနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

လွိုင်ကော် မေ ၁၀

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ဘိုးဘွားရိပ်သာတွင် အဘိုးအဘွားများ နေထိုင်စားသောက်မှုပိုမိုအဆင်ပြေစေရေးအတွက် ယနေ့ နံနက်ပိုင်းက ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ တာဝန်ရှိသူများနှင့်အတူ ပြည်နယ်ဘိုးဘွားရိပ်သာ အဘိုးများအိပ်ဆောင်၌ အဘိုးတစ်ဦးချင်းထံသို့ ဆေးဝါး၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများအား လက်ဝယ်အရောက်ပေးအပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ အဘွားများအိပ်ဆောင်သို့ သွားရောက်ကာ အဘွားတစ်ဦးချင်းထံ ဆေးဝါး၊ အာဟာရဖြည့် စားသောက်ဖွယ်ရာနှင့် အသုံးအဆောင် ပစ္စည်းများကို လက်ဝယ်အရောက် ပေးအပ်လှူဒါန်းပြီး အားပေးစကားများ ပြောကြားခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဘိုးအဘွားများအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် အာဟာရပြည့် အစားအစာများ ချက်ပြုတ်ကျွေးမွေးနိုင်ရန် အလှူငွေများ ပေးအပ်ရာ ပြည်နယ်ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

လွိုင်ကော်မြို့ ပြည်နယ်ဘိုးဘွားရိပ်သာကို ၂၀၀၄ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး လက်ရှိတွင် ပြည်နယ်ဘိုးဘွားရိပ်သာ၌ အဘိုး ငါးဦး၊ အဘွား ၁၅ ဦးတို့အား ပြုစုစောင့်ရှောက်ပေးလျက်ရှိရာ ပြည်နယ်အစိုးရအဖွဲ့က အမြဲမပြတ် စောင့်ရှောက်လှူဒါန်းပေးလျက်ရှိပြီး စေတနာရှင်၊ အလှူရှင်များကလည်း လာရောက် လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီးတွင် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့ ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီးတွင် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို ယမန်နေ့ ည ၇ နာရီက ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီးအတွင်းရှိ ဗုဒ္ဓအောင်မြေဘုရားကြီး၌ ကျင်းပခဲ့သည်။



ဦးစွာအခမ်းအနားသို့ တက်ရောက်လာကြသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတီတော်ကြီးဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စေတနာရှင် အလှူရှင်များနှင့် ဒါယကာ ဒါယိကာမများ... 

ဒေ့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ခဲ့ကြပြီး ရွှေပေါက်ကံမြို့သစ်ရပ်ကွက် ဥက္ကဋ္ဌ ရွှေပြည်စံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒာဂရ ထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။

ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော် အရှင်သူမြတ်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ အန္တရာယ်ကင်း ပရိတ်တနားရွတ်ဖတ်ပူဇော်ပွဲကို မေ ၈ ရက်မှ ၁၆ ရက်အထိ ကိုးရက်တိုင်တိုင် ညနေ ၇ နာရီတိုင်း ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး (ပြန်/ဆက်)

# သဲကုန်းမြို့နယ်၌ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

သဲကုန်း မေ ၁၀

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် ယမန်နေ့က ပြည်သူများဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေရန် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။

အန္တရာယ်ကင်း ပရိတ်တရားတော်များကို သဲကုန်းမြို့ ပေါက်တောရပ်ကွက် သီတဂူတပ်အလယ်ကျောင်းတိုက်တွင် ဆရာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။ ရတနသုတ် ပရိတ်တော်အား ကိုးခေါက်တိတိ ရွတ်ဖတ်ပူဇော်ခြင်းကို သဲကုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးက ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်များမှဝတ်ရွတ်အသင်းသားများ စုပေါင်း၍ သဲကုန်းမြို့ မြို့မရပ်ကွက် သာရမဇ္ဈူသာ မိုးကောင်းမြတ်စွာဘုရားကြီး ဓမ္မာရုံတွင်ပူဇော်ခဲ့ကြသည်။ အလားတူ ပုတီးကုန်းမြို့ ချမ်းမြေ့သာယာရပ်ကွက် သက်ျမာရ်အောင်ဘုရားကြီးကျောင်းတိုက်၊ အင်းမမြို့ သီရိသုခရပ်ကွက် တက္ကသိုလ်ကျောင်းတိုက်ဓမ္မာရုံနှင့် ဆင်မြီးဆွဲမြို့ ဗဟိုရပ်ကွက် မြို့သစ်ဘုန်းတော်ကြီးကျောင်းအတွင်းရှိပြည်လုံးချမ်းသာဘုရားကြီး တန်ဆောင်းတို့တွင်လည်း ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## အများသိစေရန်ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၄/၆၊ မြေကွက် အမှတ် – ၈၈၉+၈၉၀၊ ဧရိယာ (၀.၀၆၈)ဧက၊ မြေကွက်တည်နေရာအမှတ် –၈၈၉+၈၉၀၊ မြရိပ်ညို(၅)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးမောင်မောင်အေး (BTHG –၀၀၆၈၉၂)၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်အေး [၁၂/ဗတထ(နိုင်)၀၃၀၄၄၂]၊ (BTHG – ၀၀၆၈၉၂)ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်းမှာ ၎င်းလက်ဝယ်တွင် သိမ်းဆည်းထားရာမှ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ရေစိုပျက်စီးသွားသည်မှာ မှန်ကန်ကြောင်း၊ အဆိုပါဂရန်မူရင်းအား အခြားသူသို့ရောင်းချခြင်း၊ ပေါင်နှံ ခြင်း၊ ပေးကမ်း ခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်းနှင့် အမှန်တကယ် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ကျိန်ဆိုထားသည့်ကတိသစ္စာပြုလွှာ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်း ထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်ပါသဖြင့် အမှုတွဲအမှတ် – လသယ–၁၀၁/၉၅ ဖြင့် (၉–၁–၉၆)ရက်နေ့တွင် မူလထုတ်ပေးခဲ့သည့် ဦးမောင်မောင်အေး (BTHG –၀၀၆၈၉၂)၊ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် –၄/၆၊ မြေကွက်အမှတ် – ၁၃၀၃+၁၃၀၆၊ ဧရိယာ (၀.၀၆၈)ဧက၊ မြေကွက်တည်နေရာအမှတ် – ၁၃၀၃+၁၃၀၆၊ ဘောဂမြိုင်လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးမောင်မောင်အေး (BTHG–၀၀၆၈၉၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်အေး [၁၂/ဗတထ(နိုင်)၀၃၀၄၄၂]၊ (BTHG–၀၀၆၈၉၂) ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်းမှာ ၎င်းလက်ဝယ်တွင်သိမ်းဆည်းထားရာမှနာဂစ်မုန်တိုင်းဒဏ်ကြောင့် ရေစိုပျက်စီးသွားသည်မှာမှန်ကန်ကြောင်း၊ အဆိုပါဂရန်မူရင်းအား အခြားသူသို့ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်းနှင့် အမှန်တကယ်ပျောက်ဆုံးသွားသည်မှာမှန်ကန်ကြောင်း ကျိန်ဆိုထားသည့်ကတိသစ္စာပြုလွှာ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိ ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်ပါသဖြင့် အမှုတွဲ အမှတ် – လသယ–၁၀၀/၉၅ ဖြင့် (၉/၁/၉၆)ရက်နေ့တွင် မူလထုတ်ပေးခဲ့သည့် ဦးမောင်မောင်အေး (BTHG –၀၀၆၈၉၂)၊ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၄/၆၊ မြေကွက် အမှတ် – ၁၃၀၇+၁၃၁၀၊ ဧရိယာ (၀.၀၆၈)ဧက၊ မြေကွက်တည်နေရာအမှတ် – ၁၃၀၇+၁၃၁၀၊ ဘောဂမြိုင်လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးမောင်မောင်အေး (BTHG – ၀၀၆၈၉၂)၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်အေး [၁၂/ဗတထ(နိုင်)၀၃၀၄၄၂]၊ (BTHG – ၀၀၆၈၉၂) ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်းမှာ ၎င်းလက်ဝယ်တွင် သိမ်းဆည်းထားရာမှနာဂစ်မုန်တိုင်း ဒဏ်ကြောင့် ရေစိုပျက်စီးသွားသည်မှာ မှန်ကန်ကြောင်း၊ အဆိုပါဂရန်မူရင်း အား အခြားသူသို့ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်း ခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံအဖြစ် တင်သွင်း ထားခြင်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်းနှင့် အမှန်တကယ် ပျောက်ဆုံးသွားသည်မှာမှန်ကန်ကြောင်း ကျိန်ဆိုထားသည့် ကတိသစ္စာ ပြုလွှာ၊ ဂရန်မူရင်း ပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိ ဝန်ခံချက်၊ နိုင်ငံသား စိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ် ပါသဖြင့်အမှုတွဲ အမှတ်– လသယ–၁၀/၉၅ ဖြင့် (၉/၁/၉၆)ရက်နေ့တွင် မူလထုတ်ပေးခဲ့သည့် ဦးမောင်မောင်အေး (BTHG –၀၀၆၈၉၂)၊ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၄/၆ ၊ မြေကွက်အမှတ် – ၁၃၀၂၊ ဧရိယာ (၀.၀၃၄)ဧက၊ မြေကွက်တည်နေရာအမှတ် – ၁၃၀၂၊ ဘောဂမြိုင်လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာ မြို့နယ်၊ ဦးမောင်မောင်အေး (BTHG –၀၀၆၈၉၂)၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်အေး [၁၂/ဗတထ(နိုင်)၀၃၀၄၄၂]၊ (BTHG – ၀၀၆၈၉၂) ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်းမှာ ၎င်းလက်ဝယ်တွင် သိမ်းဆည်းထားရာမှ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ရေစိုပျက်စီးသွားသည်မှာမှန်ကန်ကြောင်း၊ အဆိုပါဂရန်မူရင်းအား အခြားသူသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း၊ လှူဒါန်းထားခြင်းတို့မှကင်းရှင်းကြောင်းနှင့် အမှန်တကယ် ပျောက်ဆုံး သွားသည်မှာမှန်ကန်ကြောင်း ကျိန်ဆိုထားသည့်ကတိသစ္စာပြုလွှာ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်း ထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်ပါသဖြင့် အမှုတွဲအမှတ် – လသယ–၁၀၀၉/၉၇ ဖြင့် (၈–၅–၉၇)ရက်နေ့တွင် မူလထုတ်ပေးခဲ့သည့် ဦးမောင်မောင်အေး (BTHG ၀၀၆၈၉၂)၊ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

(၅–၄–၂၀၂၅)ကြေးမုံသတင်းစာ၏ စာမျက်နှာ–၃၀ တွင်ပါရှိသော အထက်တန်းရှေ့နေ ဒေါ်စိုးထက်ထက်၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် တိုက်ခန်း၏ ကြမ်းခင်းဧရိယာ(၂၃'x၂၅')ပေ အစား(၂၃'x၅၀') ပေ ဟုပြောင်းလဲဖတ်ရှုပေးပါရန်။

**တောတောင်**
**ပျက်ပြုန်း**
**မြေဆီ**
**သုဉ်း၏**

## ၂၀၂၀ ပြည့်နှစ်၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၄၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၉ နှင့် ၁၅ (ခ)တို့အရ (အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲဖြစ်သော)

**IMPETUS INTERNATIONAL TRADING COMPANY LIMITED**

IMPETUS INTERNATIONAL TRADING COMPANY LIMITED (အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)၏ အထွေထွေအစည်းအဝေးကို ၃၁-၃-၂၀၂၅ ရက်နေ့၊ နံနက် (၈:၃၀)နာရီတွင် အမှတ်(၃၃)၊ ပြည်လမ်း၊ (၆) မိုင်ခွဲ၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ပါအထူးဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပါသည်-

၁။ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်။

၂။ အမှတ်(၈၄)၊ အလွှာ (၈)၊ ယူနစ် (၁)၊ ယူနစ်တင်းမရိန်း အဆောက်အဦ၊ ပန်းလှိုင်လမ်း၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးတွင်တည်ရှိသော "Luther Law Firm Limited" မှ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (Full-fledged) ဖြစ်သူ ဦးကျော်တင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်-[၁၂/ကမရ(နိုင်)၀၂၇၅၆၃]၊ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်း (တရားဝင်တည်ထောင်ထားသော)၏ အဖွဲ့ဝင်အမှတ်- ၀၀၀၁၀ အား အဆိုပါ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ရန်နှင့် ၎င်းအား ကုမ္ပဏီကို စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအတွက် အကျိုးဖြစ်စေမည့် လိုအပ်သည်ဟုယူဆသည့် အတိုင်းအတာနှင့် ကာလအထိ ကုမ္ပဏီ၏ လုပ်ငန်းများကို ဆက်လက်လည်ပတ်စေရန် အခွင့်အာဏာ လွှဲအပ်ကြောင်း နှင့် သင့်လျော်သည်ဟု ထင်မြင်ယူဆသည့် အခြားကိစ္စရပ်များအား လုပ်ပိုင်ခွင့်များကို ခွင့်ပြုရန်။

**IMPETUS INTERNATIONAL TRADING COMPANY LIMITED၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်**
**စာရင်းရှင်းလင်းဖျက်သိမ်းဆဲ**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၈၁)၊ ပဒဲကောတောင်ကွင်း၊ ဦးပိုင်အမှတ်(၁၈/ဃ)၊ ဧရိယာ(၇.၂၇)ဧကရှိ လယ်မြေများသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်ဝင်း [၁၃/တကန(ဧည့်)၀၀၂၀၀၀]ကိုင်ဆောင်သူအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)၊ မြေစာရင်းပုံစံ(၁၀၅)တို့ ရရှိထားခဲ့သော လယ်မြေများဖြစ်ပြီး ၎င်းတစ်ဦးတည်းမှသာ ယခုအချိန်အထိ လက်ရှိထား စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါသည်။ အဆိုပါလယ်မြေများ၏ ပုံစံ(၇)မူရင်းနှင့် မြေစာရင်းပုံစံ(၁၀၅)မူရင်းတို့မှာ နေအိမ် ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားခဲ့ပါသည်။ သို့ဖြစ်၍ အဆိုပါစာရွက်စာတမ်းများအား သက်ဆိုင်ရာဌာနများတွင် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်ဝင်း ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ဖြူဖြူမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၈၆)**
**အမှတ်(၇/၁၅၂)၊ နေကျော်လမ်းမ၊ နေကျော်ရပ်ကွက်၊ ကျွန်းကလေး၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း ၀၉-၄၅၆၆၉၆၂၆၆၊ ၀၉-၆၉၂၆၄၅၆၉၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ တိုက်အမှတ် (၃၀၃)၊ ပထမထပ် (ခြေရင်းခန်း)ရှိသော တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင် ဦးအေးကို+ဒေါ်ခင်မွန်သိန်းတို့ထံမှ တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်မိုးမိုးဝင်း [၁၁/ကဖန(နိုင်)၀၄၄၈၉၃] ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်နိုင်ဦး [၈/မသန(နိုင်)၀၀၅၅၂၁] နှင့် ဒေါ်ရွှေစင်လင်း [၈/ပခက(နိုင်)၀၃၆၄၇၆]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်ဦး (LL.B,D.I.L,D.I.P.L,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၁၅)**
**အမှတ်(၇၅)၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၅၁၀၁၀**

## ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဓမ္မာသုခလမ်း(အရပ်အခေါ် ပျဉ်းမမြိုင်-၃လမ်း)၊ အမှတ်(၃၈၈) ဟုခေါ်တွင်သော (၅)ထပ်တိုက်၏ မြေညီထပ်အခန်း (အလျား ၁၅ပေ x အနံ ၅၅ပေ) အကျယ်အဝန်းရှိ(တိုက်အားမျက်နှာမူလျှင် ညာဘက်ခြမ်း) နေအိမ်တိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ နေအိမ်တိုက်ခန်းနှင့်တကွ ရေ+မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်လှ [၁၂/မဂတ(နိုင်) ၀၇၄၉၂၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများ အနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးအောင်ကျော်စိုး**
**[၁၂/ဒလန(နိုင်)၀၈၉၉၀၆]**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရည်မွန်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၅၀၆၁၂)**

**အမှတ်(၃၈၈)၊ ပျဉ်းမမြိုင်လမ်း၊ (က)ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့ ။**
**ဖုန်း ၀၉-၄၄၈၂၈၈၃၁၈၊ ၀၉-၉၇၉၄၇၀၄၄၈**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စက်အရန်ပစ္စည်းများနှင့် ရုံးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက်အရန်ပစ္စည်းများနှင့် ရုံးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| (က) | Spare Parts for Web Offset Printing Machines<br>– Orient (X-cel / Super) (1 Lot)<br>– Goss Community (1 Lot) | Lot | 1 |
| (ခ) | Spare Parts for Computer to Plate Machines<br>– CTP (Screen/Cron) (1 Lot) | Lot | 1 |
| (ဂ) | Digital Weighing Scale | Nos | 3 |
| (ဃ) | Nikon AF-S DX NIKKOR 18-300mm f/3.5-6.3G ED VR Lens | No | 1 |
| (င) | NIKKOR Z 70-200mm f/2.8 VR S Lens | No | 1 |
| (စ) | NIKKOR Z 24-70mm f/2.8 S | No | 1 |
| (ဆ) | 82mm Neutral Color NC Filter | No | 1 |
| (ဇ) | 77mm NC Filter | Nos | 4 |
| (ဈ) | Lowepro Flipside BP 300 AW III Mirrorless and DSLR (Camera Backpack) | Nos | 3 |
| (ည) | UPS (1250 VA) | Nos | 10 |
| (ဋ) | Air Conditioner (2)HP | Nos | 2 |
| (ဌ) | Laser Printer (A4) Black & White | No | 1 |
| (ဍ) | Digital Multifunction Copier With Feeder | No | 1 |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈ - ၄ - ၂၀၂၅ ရက်နေ့မှ ၁၃ - ၅ - ၂၀၂၅ ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် Spare Parts for Web Offset Printing Machines & CTP Machines တင်ဒါ(၁)စောင်လျှင် ၁၀,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရုံးလုပ်ငန်းသုံးပစ္စည်းများ တင်ဒါ (၁)စောင်လျှင် ၅,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလာရောက်တင်သွင်းရာတွင် နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို သီးခြားစီခွဲ၍ ၁၄-၅-၂၀၂၅ ရက်နေ့ နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သို့ လာရောက်ပေးသွင်းကြပါရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး ၁% အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ PG (Performance Bank Guarantee) ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း၊ ၀၆၇-၃၄၃၁၂၁၂၃၊ ၀၆၇-၃၄၃၁၂၆၆၂၊ ၀၁-၈၂၀၁၁၉၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း၊ ၀၆၇-၃၄၃၁၂၁၂၃၊**
**၀၆၇-၃၄၃၁၂၆၆၂**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း၊ ၀၆၇-၃၄၃၁၂၁၂၃၊ ၀၆၇-၃၄၃၁၂၆၆၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/မြောက်၊ မြေကွက်အမှတ်-၁၂၄၁၊ ဧရိယာ (၄၀ x ၆၀ )ပေ မြေကွက်တည်နေရာ -အမှတ် (၁၂၄၁)၊ သဒ္ဒါရုံလမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးလှအောင် (ISN ၀၃၉၀၉၃) အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးလှအောင် (ISN ၀၃၉၀၉၃) (ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အုန်းကြည် [၁၂/သကတ (နိုင်) ၁၀၆၅၇၈] မှ မြေအမည်ပေါက်ပိုင်ရှင် ခင်ပွန်း ဦးလှအောင်ကွယ်လွန်ချိန်တွင် မိမိတစ်ဦးတည်းကသာ ဇနီးအဖြစ် ကျန်ရှိ ခဲ့ပါကြောင်း၊ အခြားသော ဇနီးတစ်ဦးတစ်ယောက်မျှမကျန်ရစ်ခဲ့ပါကြောင်း၊ ကွယ်လွန်သူ ခင်ပွန်းနှင့် မိမိတို့သည် ဗမာလူမျိုး၊ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည့်အကြင်လင်မယားဖြစ်သည့်အားလျော်စွာ ခင်ပွန်းကွယ်လွန်ခဲ့ပြီး နောက် ဦးလှအောင်အမည်ဖြင့် ကျန်ရစ်ခဲ့သော အထက်ဖော်ပြပါ မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိမိတစ်ဦးတည်းကသာ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း နှင့် မိမိမှလွဲ၍ အခြားအမွေဆက်ခံမည့်သူတစ်ဦးတစ်ယောက်မျှမကျန်ရှိသည်မှာ မှန်ကန်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ (၂) စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးလှအောင် (ခင်ပွန်း)၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး ( ဒုတိယညွှန်ကြားရေးမှူးချုပ် )**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉-ဘီ) တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်(၆၄၉/ခ)၊ဧရိယာ(၁၉'×၆၀')ရှိသည့် နှစ်(၆၀) ဂရန်တွင်-ဒေါ်ကြည်(၁၂/ရကန(နိုင်)၀၅၆၅၈၅)အမည်ပေါက်မြေကွက်နှင့် နေအိမ်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်နှင့်နေအိမ်ကို နှစ်(၆၀)မြေငှားဂရန်တွင်အမည်ပေါက်သူ(မိခင်)ဒေါ်ကြည် သည်လည်းကောင်း၊(ဖခင်)ဦးလှကြိုင် သည်လည်းကောင်း၊ သားသမီးများအနက် ဦးစန်းလွင်၊ ဦးအောင်မြင့် နှင့် ဦးတင်စိုး တို့သည်(လူပျိုများ)ဘဝဖြင့်လည်းကောင်း၊ အသီးသီးကွယ်လွန်သွားခဲ့ပြီးဖြစ်သည့်အတွက် ကျန်သားသမီးများဖြစ်ကြသူ ၁။ဒေါ်ခင်သီတာ(၁၂/ဒဂမ(နိုင်)၀၀၃၅၂၄) ၂။ဦးမြင့်ဦး(၁၂/ရကန(နိုင်)၀၃၇၇၆၉) ၃။ဦးမြင့်လွင်(၁၂/ရကန(နိုင်)၀၅၅၄၀၈) ၄။ဦးမြင့်ကျော်သူ(၁၂/ဒဂမ(နိုင်)၀၀၇၄၀၀)တို့က ပူးတွဲပိုင်ရှင်များအဖြစ် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်အရ)

**ဦးသန့်ဇင် (LL-B)**
**အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)**
**Ph-09 253995848 , 09-798420119**

**ဒေါ်ဟန်နွေနိုင်(LL-B)**
**အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)**
**Ph-09-4200 73685**

အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ အောင်ရတနာ (၁၇)လမ်း၊ (၁၆)ရပ်ကွက်၊ မြေကွက်အမှတ် (၂၁၆+၂၁၇) ဟုခေါ်တွင်သော (ဦးအောင်သိန်း) အမည်ပေါက် ပါမစ်မြေ ပေ (၅၀x၇၀) အကျယ်ရှိ မြေနှင့်အိမ်သည် (ဦးအောင်သိန်း) ၏ အမွေဆက်ခံသူများမှ မိသားစု စီမံမှုစာချုပ်အရ ယခုရောင်းချသူများကသာ အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးသောင်းရွှေ [၁၂/လကန(နိုင်)၀၇၃၂၈၉] + ဦးမြင့်အောင် [၁၂/လကန(နိုင်) ၀၇၃၄၅၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားခဲ့ပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်မြေ အရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လို သူများရှိပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်း မူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေအမည်ပေါက် ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ** **ဒေါ်ချစ်သက်ပိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၂၆)**
**အမှတ် -၁၄/၁၅(က)၊ 2-B၊ ဝေဠုဝန်(၆)လမ်း၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၀၀၇၅၃၆**

## အမည်ပြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ အင်းစိန်မြို့နယ်နေ (ဘ)ဦးရာဇာလင်း၏သား အ.မ.က(၁၈)၊ အင်းစိန်၊ Grade-4 မှ မောင်ရှိုင်းထွဋ်ပိုင်အား ယနေ့မှစ၍ မောင်ရွှေထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ရွှေထက်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉၊ မြေကွက်အမှတ်-၅၉၄၊ မြေကွက်တည်နေရာအမှတ်-၅၉၄၊ သဇင်မြိုင်လမ်း၊ ၄၉ရပ်ကွက်၊ ဒဂုံမြောက်(ဦးတင်ရွှေ(ISN-၁၀၅၂၄၈)အမည်ပေါက်၊ နှစ်(၆၀)မြေငှား စာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင်ရွှေ ကိုယ်စားတရားရုံးဘီလစ်ဒေါ်လှဲလှဲခိုင်မှ ချုပ်ဆိုပေးသော အရောင်းအဝယ် စာချုပ်အမှတ်-၅၄၈၁/၂၀၂၄၊ ၁၊ ၇၊၂၀၂၄ဖြင့် (၂၀x၆၀)ပေအား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ချိုမာဦး [၁၂/ဥကမ(နိုင်)၀၀၀၈၂၀]မှ ဂရန်၊ တရားရုံးအမိန့်၊ အရောင်းအဝယ်စာချုပ်၊ အမြတ်ခွန်ချလန်၊ နိုင်ကတ်တို့ တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာရာ မူလမြေကွက်ကြီး၏ (၄၀x၆၀)ပေအနက်မှ တရားဝင် မခွဲမစိတ်ရသေးသော (၂၀x၆၀)ပေအား ဝယ်ယူပိုင်ဆိုင်ပြီး တစ်ဖက်သတ်ခွဲ စိတ်ခွင့်ပြုရန်မြေကွက်ခွဲနှင့် မြေတိုင်းလျှောက်ထားခြင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မိမိမှတာဝန်ယူ ဖြေရှင်းမည်ဖြစ်ကြောင်း၊ ဝင်စာဖြင့် အရာရှိရှေ့လက်မှတ်ရေးထိုးတင်ပြလာပါသဖြင့် ဒေါ်ချိုမာဦးမှ မြေကွက်ခွဲစိတ်ရန်နှင့် မြေတိုင်း တစ်ဖက်သတ်လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ကြယ်စင်အိမ်ရာစီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာအတွင်းရှိ တိုက်အမှတ် (CL-11)၊ (၄)လွှာ၊ အခန်း (၄၀၆)၊ (၁၁၂)စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နှင်းသက်မွန်ထွေး [၉/အမရ(နိုင်)၁၇၉၂၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပြတ်ဝယ်ရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုဇနခင်**
**(တရားလွှတ်တော်ရှေ့နေ)၊ စဉ်-၁၈၅၂၉**
**ရုံးခန်းလိပ်စာ-တိုက်(၂)၊ အခန်းအမှတ်(၃၀၂)၊ မြင်တော်သာအိမ်ရာ၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း ၀၉- ၂၅၀၉၇၇၇၁၇၊ ၀၉- ၅၁၇၃၂၃၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့(အေးမေတ္တာ)ရပ်ကွက်၊ မေမြို့လမ်း၌ တည်ရှိသော ပေ(၂၀x၆၀)ရှိ ဦးလှရွှေလေး အမည်ပေါက် အိုးအိမ်မြေချပါမစ်မြေကွက်ပေါ်၌ဆောက်လုပ်ထားသော အမှတ် (၄၂၈)ဟု ခေါ်တွင်သည့် ရေမီးစုံအိမ်ခြံမြေနှင့် ယင်းအိမ်ခြံမြေ၏ အကျိုးခံစားခွင့်အားလုံးကို တရားဝင် လက်ဝယ်ထားရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟုဝန်ခံသူ ဦးဇော်လေး[၁၂/သလန(နိုင်)၁၁၆၉၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဝင်း[၁၄/ငပတ(နိုင်)၀၀၁၆၀၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေ၍ အရောင်းအဝယ် စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤအိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများ၊ တိကျခိုင်လုံသော သက်သေအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းအိမ်ခြံမြေအား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းဝင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေးနွေးအိ LL.B အထက်တန်းရှေ့နေ(စဉ်-၄၇၅၂၅)**
**ထ/၁၀၅၊ ဘုရင့်နောင်လမ်းမ၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့နယ်။ ၀၉-၂၆၀၄၀၂၀၀၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာ၊ နယ်မြေ(၉)၊ လက်ယက်စမ်းလမ်း၌ တည်ရှိသော ဦးစိန်မြင့်အမည်ပေါက် ပေ(၂၂x၆၀)ရှိ အိမ်အမှတ်(၆) အိမ်ခြံမြေနှင့် ယင်းအိမ်ခြံမြေ၏ အကျိုးခံစားခွင့်အားလုံးကို တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူ ဦးထွန်းဝင်း [၁၂/သလန(နိုင်)၁၂၅၃၄၂] နှင့် ဒေါ်မိုးမိုးသဲ [၁၂/သလန(နိုင်)၁၆၁၂၃၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးညွှန့်ဝင်း [၁၁/စတန(နိုင်)၀၀၂၉၆၉] က အပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ အရောင်းအဝယ် စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤအိမ်ခြံမြေ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများ၊ တိကျခိုင်လုံသော သက်သေအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းအိမ် ခြံမြေအား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးညွှန့်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေးနွေးအိ LL.B အထက်တန်းရှေ့နေ(စဉ်-၄၇၅၂၅)**
**ထ/၁၀၅၊ ဘုရင့်နောင်လမ်းမ၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့နယ်။ ဖုန်း - ၀၉-၂၆၀၄၀၂၀၀၃**

## တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန
## တောင်ကြီးမြို့၊ ပုဂ္ဂလိကအမှိုက်နှင့် မိလ္လာသိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ Expression of Interest (EOI)ခေါ်ယူခြင်း

၁။ တောင်ကြီးမြို့၊ ပုဂ္ဂလိကအမှိုက်နှင့် မိလ္လာသိမ်းဆည်းရေးဝန်ဆောင်မှုလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (၁၀၀%) ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ Expression of Interest (EOI) တင်သွင်းရန် ကြေညာခေါ်ယူအပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းသူများအနေဖြင့် မိမိဆောင်ရွက်မည့် အဆိုပြုလုပ်ငန်းများနှင့် ပတ်သက်၍ သတ်မှတ်သည့်ရက်အတွင်း EOI စိစစ်ရွေးချယ်ရေးအဖွဲ့ထံ ရှင်းလင်းတင်ပြရမည်။

၃။ ရွေးချယ်ခံရသည့်အဆိုပြုလွှာကိုသာ လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ စိတ်ဝင်စားမှုအဆိုပြုလွှာပုံစံနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်လုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံအချက်များကို (၁၁-၄-၂၀၂၅) ရက်နေ့မှ (၁၂-၅-၂၀၂၅)ရက်နေ့အထိ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာန၊ သန့်ရှင်းရေးဌာနစိတ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အဆိုပြုလွှာများကို (၁၂-၅-၂၀၂၅) ရက်နေ့ ညနေ(၁၆:၃၀)နာရီ နောက်ဆုံးထား၍ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန ဖုန်းနံပါတ်-၀၈၁-၂၁၂၂၁၂၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရန်မီးစက်ဌာနခွဲနှင့်ကိုကိုးကျွန်းတို့တွင်အသုံးပြုရန် ဒီဇယ်ဆီ(ရိုးရိုး) (၅၅၀၀၀)ဂါလံ အား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၂.၄.၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၆.၅.၂၀၂၅) ရက်နေ့၊ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ မြို့မရပ်ကွက်၊ မြို့မလမ်းနေ ဦးကြည်လွင်ဦး [၁၂/ကခက(နိုင်)၀၁၄၃၆၅]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၁) တွင် နေထိုင်သူ (ဘ) ဦးတင်မြ၏သမီး ဒေါ်ဥမ္မာချို [၁၂/ကခက(နိုင်)၀၅၁၇၃၂]ပိုင်ဆိုင်သော ကွမ်းခြံကုန်းမြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ အကွက်အမှတ် (၄)၊ ဦးပိုင်အမှတ်-က/၁၀၄၊ ဒေါ်ချိုချို အမည်ပေါက် ဧရိယာဧကေ (၀.၀၂၁) အနက်မှ (၀.၀၁၇)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးကြည်လွင်ဦး [၁၂/ကခက(နိုင်)၀၁၄၃၆၅] မှ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၃၃/၂၀၁၄) ဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်၍ ဝယ်ယူပိုင်ဆိုင်ပြီး ၎င်းဦးပိုင်ဧရိယာဧကေ (၀.၀၂၁) ကေအနက်မှ ကျန်မြေ (၀.၀၀၄)ကိုလည်း ထပ်မံဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသဖြင့် ၎င်းမြေကွက်အမည်ပေါက်ရရှိရန် သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်၏မိတ်ဆွေထံ စာရွက်စာတမ်းသက်သေအထောက်အထား ခိုင်လုံစွာဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးကြည်လွင်ဦး(ဘ)ဦးအေးမောင်** | **ဦးလှဝင်း (LL.B)** |
| **[၁၂/ကခက(နိုင်)၀၁၄၃၆၅]** | **အထက်တန်းရှေ့နေ (စဉ်-၆၉၄၂)** |
| | **တော်ပုလွဲရပ်ကွက်၊ ကွမ်းခြံကုန်းမြို့၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉-၆၆၀၁၀၃၀၇၃** |

---

## အများသိရှိစေရန် အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ဖရဲလမ်း၊ အမှတ်(၆၃)၊ အကွက်အမှတ်(၆၆)၊ ဦးပိုင်(၁၀၅)၊ ဧရိယာ(၀.၆၄၅)ဧကရှိ မြေနှင့်မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးနှင့်စပ်လျဉ်း၍ တောင်ကြီးခရိုင်၊ တရားရုံးတော် ၂၀၀၀-ခုနှစ် တရားမကြီးမှုအမှတ်(၉)၊ ၂၀၁၂ ခုနှစ်၊ ဇာရီမှုအမှတ်(၅၄)၊ ဒီကရီအနိုင်ရသူ ဒေါ်ဝင်းမေညွန့် [၁၃/တကန(နိုင်)၁၀၀၉၅၆]သည် တရားနိုင်လက်ဝယ်ရရှိသည်ဖြစ်၍ သက်သေခံလက်မှတ်ရရှိထားသူ၊ ဝယ်ယူသူကို လွှဲအပ်ရမည်ဟု လည်းကောင်း၊ မည်သူမဆို ထိုမြေမှ ထွက်ခွာရန် ငြင်းဆိုလျှင် ငြင်းဆိုသူကို ဖယ်ထုတ်ရန်လိုလျှင် ဖယ်ထုတ်ရမည်ဟု တရားဝင်အမိန့်ရရှိပြီးဖြစ်သည်။

ထိုတရားဝင်အမိန့် အတည်ပြုရန် အထူးလိုအပ်နေပါသောကြောင့် သက်ဆိုင်သူများသည် ခိုင်လုံသောတရားဝင်စာရွက်စာတမ်းများ ပြည့်စုံစွာဖြင့် ယခုကြေညာသည့်ရက်မှစ၍ ရက်(၂၀)အတွင်း တရားဝင်လာရောက်ဖြေရှင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပျက်ကွက်ပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်များအရ** |
| **ဒေါ်ဝင်းမေညွန့်** | **ဒေါ်ဇင်ဇာလှိုင်(LL.M)** |
| **[၁၃/တကန(နိုင်)၁၀၀၉၅၆]** | **အထက်တန်းရှေ့နေ(စဉ်-၂၉၃၅၆)** |
| **မ/၂၃၁၊ စာသင်ကျောင်းလမ်း၊** | **အမှတ်၄/၉၅၊ တံခွန်လမ်း၊** |
| **နယ်မြေ(၁၁)၊ ကျောင်းကြီးစု** | **ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့၊** |
| **ရပ်ကွက်၊ တောင်ကြီးမြို့။** | **ဖုန်း-၀၉-၅၁၀၇၅၇၁၀၊ ၀၉-၅၂၁၅၂၂၉၊** |
| **ဖုန်း-၀၉-၆၆၁၇၈၄၂၅၄** | **၀၉-၅၂၄၀၁၄၉** |

---

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ Naypyitaw State Polytechnic University တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း (၂) ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ နေပြည်တော်တွင် (၁၀-၄-၂၀၂၅) ရက်မှ (၂၈-၄-၂၀၂၅) ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများအား (၂၈-၄-၂၀၂၅) ရက် ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သော နေရာတွင် ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

---

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း”

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မိုးမခလမ်း[ယခင်-ခပေါင်း(၅)လမ်း]၊ အမှတ် (၈၈)၊ မြေကွက်ဧရိယာ (၄၀ ပေ x ၆၀ ပေ) နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်(၂)လုံးနှင့် ယင်းတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၏ လက်ရှိမြေဂရန်အမည်ပေါက်မှာ ဒေါ်ငယ် (G/RGN-၀၂၅၁၄၆) ဖြစ်ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်သိန်း [၁၂/ဥကမ(နိုင်)၀၅၉၈၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းဝင်း [၁၂/မဂဒ(နိုင်)၀၃၂၄၇၂] က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီခဲ့ပြီး စရန်ငွေပေးကတိစာချုပ်ကို ချုပ်ဆို၍ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၁၄)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဦးခင်စိုး တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၇၅)**
**LL.B, DL, 101 WIPO (SWITZERLAND)**
**အမှတ်(၉၄၄)၊ ၅-လွှာ၊ ယသဝတီလမ်း၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။ Ph:09-443148536, 09-420257767**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ မြို့ပတ်လမ်း၊ အကွက်အမှတ်(၁၁)၊ မြို့မတောင်ကွက်၊ မြေကွက်အမှတ် (၁၃၅) (၁၃၆)၊ ဧရိယာ(၀.၁၁၀)ကေအကျယ်ရှိ ဂရန်အမှုတွဲအမှတ်-RPNO-040 V/2016-2017 အရ ဒေါ်ချိုချို အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ချိုချို(ဘ)ဦးသန်းတင် [၁၂/လမတ(နိုင်)၀၁၂၈၈၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦး MARYAR(ဘ)ဦးရန်ကရား [၁၂/သလန(ပြု)၀၀၄၃၃၃] မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အိမ်နှင့်မြေအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးသန္တာ (LL.B)** | **ဒေါ်ဖြူမြတ်သွယ် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် - ၉၇၉၉/၂၀၁၄)** | **(စဉ် - ၈၉၇၇/၂၀၁၃)** |
| **၀၉ - ၄၂၀၁၉၂၈၂၅** | **၀၉ - ၅၁၃၂၆၄၇** |

**(ရုံးခန်း) သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ မင်္ဂလာလမ်းရှိ မြေတိုင်းရပ်ကွက်အမှတ်-၃ A ၃၊ မြေကွက်အမှတ်-၂၀၂၊ ဦးခင်မောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲနှစ်ထပ်အဆောက်အဦ အမှတ်(၂၄) မြေညီထပ်အခန်းနှင့် ပထမထပ်အခန်း၊ တိုက်ရှေ့မျက်နှာမူကြည့်လျှင် (ဝဲဘက်ခြမ်း) နေအိမ်တိုက်ခန်းနှစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေဆက်ခံပိုင်ဆိုင်လာသော (၁) ဦးထိန်ဝင်း [၁၂/တမန(နိုင်)၀၅၀၅၀၄]၊ (၂)ဒေါ်ကုသလစန္ဒီ၊ (၃)ဒေါ်အေးအေးမြင့် [၁၀/ပမန(နိုင်)၀၆၂၄၇၈]၊ (၄)ဒေါ်ခင်သန်းနွယ် [၁၀/ပမန(နိုင်)၀၆၂၄၄၄]၊ (၅)ဦးအောင်မြင့်နိုင် [၁၀/ပမန(နိုင်)၀၅၇၇၉၃]၊ (၆)ဦးအောင်မျိုးနိုင် [၁၀/ပမန(နိုင်)၀၀၇၈၀၈]၊ (၇)ဒေါ်စိုးစိုးသီ [၁၀/ပမန(နိုင်)၀၁၀၃၉၂]၊ (၈)ဦးကျော်ဝင်းနိုင် [၁၀/ပမန(နိုင်)၀၉၈၄၆၁]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇော်ဇော်ဝင်း [၁၂/တမန(နိုင်)၁၃၄၂၀၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| | **လွှဲအပ်ညွှန်ကြားချက်အရ** | |
| **လွှဲအပ်ညွှန်ကြားသူ** | **ဦးခင်မောင်လွင်** | **ဒေါ်ခင်အေးလှိုင်** |
| **ဦးဇော်ဇော်ဝင်း** | **LL.B, D.B.L, D.I.L** | **LL.B, LL.M (Civil Law)** |
| **[၁၂/တမန(နိုင်)၁၃၄၂၀၁]** | **စဉ်-၁၃၈၈၃** | **စဉ်-၁၂၂၀၈** |
| | **(၁၄-၁၂-၂၀၁၇)** | **(၁၄-၃-၂၀၁၇)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၁)၊ ပထမထပ်၊ ဘိုကလေးဈေးလမ်း၊**
**(၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၂၄၇၇၅၊ ၀၉-၉၆၄၀၃၆၆၆၆**

---

## GRG. International Co. Ltd. တင်ဒါကော်မတီ
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ၆-မိုင်ခွဲ၊ ပြည်လမ်း၊ အမှတ်(၃၃) တွင် တည်ရှိသော GRG. International Co., Ltd. ၏ စက်ရုံမှ ထွက်ရှိမည့် အစာဖတ်များအား တင်ဒါစနစ်ဖြင့် သတ်မှတ်ကာလအလိုက် ရောင်းချမည်ဖြစ်ပါ၍ ကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ပိတ်တင်ဒါ တင်သွင်းရမည့် သတ်မှတ်ဈေးနှုန်းအဆိုပြုပုံစံ၊ သတ်မှတ်စာအိတ်နှင့် တင်ဒါတင်သွင်းရန် စည်းကမ်းချက်များကို (၂၂-၄-၂၀၂၅) ရက်နေ့မှ (၂၅-၄-၂၀၂၅) ရက်နေ့အထိ တင်ပြရန်လိုအပ်သော စာရွက်စာတမ်းအပြည့်အစုံဖြင့် တင်ဒါအဆိုပြုလျှောက်လွှာဖြည့်စွက်တင်ပြပြီး အထက်ပါလိပ်စာရှိစက်ရုံတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ပိတ်တင်ဒါ ယှဉ်ပြိုင်ခြင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဈေးနှုန်းအဆိုပြုပုံစံတင်သွင်းရမည့်လိပ်စာမှာ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ၆-မိုင်ခွဲ၊ ပြည်လမ်း၊ အမှတ်(၃၃)တွင်တည်ရှိသော GRG. International Co., Ltd. ၏ ရုံးချုပ်ဖြစ်ပါသည်။

၄။ အိတ်ပိတ်တင်ဒါဖွင့်မည့်နေ့ဖြစ်သည့် (၂၈-၄-၂၀၂၅ ) ရက်နေ့ နံနက် (၁၀:၀၀) နာရီတွင် အိတ်ပိတ်တင်ဒါဈေးနှုန်းအဆိုပြုပုံစံအား တင်ဒါ Deposit တင်သွင်းရမည့်ငွေနှင့်အတူ တင်ဒါခေါ်ယူရောင်းချရေးကော်မတီသို့ လာရောက်ပေးပို့ တင်သွင်းရမည်။

၅။ တင်ဒါအဆိုပြုလျှောက်လွှာတင်သွင်းရာတွင် ကုမ္ပဏီမှတ်ပုံတင်မိတ္တူ၊ Company update Extract မိတ္တူ၊ ကုမ္ပဏီ Bank Statement မိတ္တူ၊ စည်ပင်လုပ်ငန်းလိုင်စင်မိတ္တူနှင့် လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့ဖြင့် ပူးတွဲတင်ပြရမည်။

၆။ အသေးစိတ်သိရှိလိုပါက တင်ဒါကော်မတီ-ဖုန်း ၀၉-၅၀၇၈၀၉၁ နှင့် ၀၉-၂၆၄၅၆၄၂၄၉ တို့အား ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်၊ အောင်သပြေအနောက်(၄)လမ်း၊ တိုက်အမှတ်(၁၇/က+ခ)၊ နှစ်ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ် (၃)လွှာ A(ခေါင်းရင်းခန်း)ဟုခေါ်တွင်သည့် အကျယ်အဝန်း (အလျား ၁၇ပေxအနံ၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ကန်ထရိုက်တာ ဦးအုန်းကျော် (0- Main Co.ltd) [၁၂/သလန(နိုင်)၀၅၅၁၆၁]ထံမှ ကြိုပွဲပိုင်စနစ်ဖြင့် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်စုစုခိုင်[၁၂/သကတ(နိုင်)၀၂၅၀၇၇]က တိုက်ခန်းတန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိကျော် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၃၇)**
**(LL.B, D.B.L, D.I.L, D.I.PL, DL-101) WIPO (Switzerland)**
**အမှတ်- ၉/၁၁၊ မြေညီ၊ ၃၆-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ လူနေရပ်ကွက်အမှတ်-သီရိမွန်(၁)၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ (ကမာရွတ်)၊ မြေကွက်အမှတ်-၂၄၊ ဧရိယာ(၀.၁၆၄)ကေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အမှတ်(၂၄)၊ ဘုရင့်နောင်လမ်းမကြီးနှင့် သီရိမွန်(၈)လမ်းထောင့်၊ (၁၅)ရပ်ကွက်၊ လှိုင်မြို့နယ်ဟုခေါ်တွင်သော RC(၃)ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုဆိုသူ ဒေါ်မြင့်မြင့်သန်း[၁၂/လမန(နိုင်)၀၂၆၅၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအိမ်ခြံမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အုံးအုံး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၀၆)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၅၅၈၇၇၂၁၄**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၀၊ မြေကွက်အမှတ်-၆၇၂၊ ဦးတင်အေးမောင် (KGN-၀၃၂၂၄၈) အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ မြေဧရိယာအကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ) အားအရပ်ကတိစာချုပ်အဆက်စပ်ဖြင့် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ထွေး [၁၀/ကမရ(နိုင်)၀၁၆၈၅၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစန်းကိုကို [၁၂/ကတန(နိုင်)၁၄၈၂၈၀]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသန်းဋ္ဌေးဦး LL.B (စဉ်-၃၉၈၉၅)** | **ဒေါ်တိုးတိုးလွင် LL.B, D.B.L (စဉ်-၄၂၁၆၇)** |

**အထက်တန်းရှေ့နေများ:**
**အမှတ်(၂)၊ ရန်အောင်လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၀၈၇၁၅၈၊ ၀၉-၄၂၄၉၄၇၆၁**

---

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City Estate ရှိ ကြယ်စင်မြို့တော်အိမ်ရာ (City Villas) (CV)၊ မြေနှင့်အဆောက်အဦအမှတ် (CV – 114)၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ရည်ညွှန်းဖော်ပြလိပ်စာပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားလက်ရှိ ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ **ဦးတင်စိန်ဝင်း [၉/ခအဇ(နိုင်)၀၁၆၇၈၉]** ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာမှုပြုအပ်ပါသည်။

**ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးအောင်ပြည့်ဖြိုးလွင် (LL.B)** | **ဦးသန်းထိုက်အောင် (LL.B , LL.M)** | **ဦးပြည့်ဖြိုးကျော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၄၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၇၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၅၂၇)** |

**အမှတ် (၈၄)၊ (၃-လွှာ)၊ (၃၈)လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၁၀၃၂၅၄၀၊ ၀၉-၇၉၆၆၄၉၉၈၁၊ ၀၉-၄၄၁၅၆၁၂၈၀**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀

ဦးအားရှိုး နှင့် ဦးစိုးအောင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရှမ်းတဲကြီးရပ်ကွက်၊ အမှတ် (၂)လမ်း၊ အမှတ် ၉၀ နေ ဦးစိုးအောင် (ယခုလိပ်စာမသိ) သိရှိစေရမည်။

သင့်ပေါ်၌ တရားလိုက **ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် - ၁၀/၂၀၂၅ တွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ (၂၄)ရက်၊ (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၂ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)အချိန်တွင် အထက်က အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ (၉)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်လင်းထက်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## သာကေတမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၅

ဒေါ်ခင်နီလာအောင် နှင့် ဒေါ်သန်းအေး
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ (၁၆)လမ်းအရှေ့၊ အမှတ် (၁၅၃၄/ခ)နေ တရားပြိုင် ဒေါ်သန်းအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်နီလာအောင်က ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မေလ (၂၃)ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၁ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)အချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ (၉) ရက်နေ့တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြရွှေဇင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**သာကေတမြို့နယ်တရားရုံး**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်ခန့်လမ်း၊ အမှတ်(၃၅၇/ခ)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အမာတင် (၁၂/ဒဂတ(နိုင်)၀၀၀၀၂)၏ သမီး ဒေါ်နန္ဒာလှိုင် (၁၂/ဒဂတ(နိုင်)၀၀၀၀၀၃)သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံခြင်း၊ မိခင်နှင့်မိသားစုပိုင်ပစ္စည်းငွေကြေးများကို ၎င်းကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခြင်း စသည့် အကြောင်းများကြောင့် မိခင်ဖြစ်သူမှ ဒေါ်နန္ဒာလှိုင်အား (၁၀-၄-၂၀၂၅)ရက်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို မိခင်နှင့် မိသားစုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မိခင်နှင့် မိသားစုပိုင်ပစ္စည်းများကို ထိပါးလာပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အမာတင်၏ လွှဲအပ်ညွှန်ကြားချက်အရ -
**ဦးတင်စိုး (LL.B, D.B.L, D.I.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၀၃)
တိုက်(၉/၁၁)၊ အခန်းအမှတ်(၁၀၂-F)၊ပထမထပ်၊ ၃၆-လမ်း(အောက်)၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၂၀၈၈၈၆၂၂

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ သုခ(၅၄)လမ်း၊ တိုက်အမှတ်(၁၆၆-B)၊ သုံး(၃)လွှာ(ခြေရင်းခန်း)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဇေယျာလင်း [၁၂/လမန(နိုင်)၁၃၆၃၉၃]နှင့် ဒေါ်ခင်ဖြူစင် [၁၂/လမန(နိုင်)၁၁၉၂၀၈]တို့က တရားဝင်လက်ဝယ်ပိုင်ဆိုင်ထား၍ လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုကာ ရောင်းချရန်ကမ်းလှမ်းလာကြသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသင်မောင်း[၄/ထတလ(နိုင်)၀၂၄၈၂၈]က အဆိုပါတိုက်ခန်းကို ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက ၎င်းတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအုပ်လင်း(LL.B, LL.M, MRes, JM, PhD)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၉၀)**
**တိုက်အမှတ်(၄၅)၊ သုခ(၅၁)လမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၆၄၆၇၀၂၃၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၅-၂၀၂၆)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာန၊ PET/CT and Cyclotron Center ရှိ Cyclotron and QC Lab တွင် လိုအပ်သော Consumables များ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့ရှိ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာနများအတွက် လိုအပ်သော အဏုမြူရောင်ခြည်ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်-1 DMS/2025-2026(L) နှင့် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်-2 DMS(2025-2026)(L) အား ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ဗဟိုဆေးသိုလှောင်ရေးဌာန (ရန်ကုန်) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - | (၁၀-၄-၂၀၂၅)ရက် (ကြာသပတေးနေ့) |
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ | - | ဗဟိုဆေးသိုလှောင်ရေးဌာန၊ အမှတ် (၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | (၃၀-၄-၂၀၂၅) ရက် (ကြာသပတေးနေ့) မွန်းတည့် (၁၂:၀၀) နာရီ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | - | ၀၁-၃၇၁၂၈၄၊ ၀၁-၃၈၄၉၃၇၊ ၀၁-၃၇၂၃၆၂ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂၄၊ မြေကွက်အမှတ် (၃၆၂) ဟုခေါ်တွင်သော အကျယ်အဝန်း (၃၀'x၆၀')ရှိ ပါမစ်မြေနှင့် မြေပေါ်ရှိ (၂)ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိ တရားဝင်ရောင်းချခွင့်ရှိကြောင်းနှင့် ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသူ ဦးတင်ထွန်း [၁၂/မဘန(နိုင်)၀၀၀၁၆၅] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နော်ဘေးဘရာ [၁၂/ဗဟန(နိုင်)၀၉၃၀၃၃]က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အေး LL.B,D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၂)**
**အမှတ် (၁၅၉၅)၊ ဖိုးရာဇာ (၃) လမ်း၊ (၄၃) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၅၁၃၇၈၀၀၇**

## "(၉-၄-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာတွင် ဒေါ်ဖြိုးရွှေစင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ထက်ထက်မိုး (LL.B, D.B.L) အထက်တန်းရှေ့နေ၏ အများသိစေရန် ကြေညာခြင်းအပေါ် ရှင်းလင်းစွာ အများသိစေရန်ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၉)လမ်း၊ (၇-လွှာ) ရှိ (တိုက်အမှတ် ၂၇) တိုက်ခန်းမှာ ဦးမိုးကျော်သူ (ဘ) ဦးသောင်းလှ မှတ်ပုံတင်အမှတ် [၁၂/ဒပန(နိုင်)၀၇၄၀၅၅] ကိုင်ဆောင်သူ တစ်ဦးတည်းပိုင်ဆိုင်ခြင်းမဟုတ်ဘဲ ဒေါ်မိုးသူဇာ [၁၂/ဒပန(နိုင်)၀၅၁၁၉၆]နှင့် ဒေါ်ခိုင်သူဇာ [၁၂/ဒပန(နိုင်)၁၅၁၃၁၃]တို့ (၃)ဦးပိုင်ဆိုင်သော အမွေဆိုင်တိုက်ခန်းဖြစ်ပါသည်။

သို့ဖြစ်ရာ အထက်ပါတိုက်ခန်းအား ဦးမိုးကျော်သူ မိသားစုအပေါ် မေတ္တာနှင့်အပိုင်ပေးစာချုပ်ချုပ်ဆိုပြီး နေထိုင်ခွင့်ပြုထားခဲ့ခြင်းဖြစ်ရာ ဒေါ်ဖြိုးရွှေစင်မြင့်အနေဖြင့် ဦးမိုးကျော်သူ၏ တရားဝင်ဇနီးဖြစ်သော်လည်း အထက်ပါ တိုက်ခန်းနှင့် ပတ်သက်၍ ဟန့်တားနိုင်သူမဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်မိုးသူဇာနှင့် ဒေါ်ခိုင်သူဇာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာလွင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၆၇)**
**အမှတ် (၆၄၈)၊ ဦးပုည (၁)လမ်း၊ (၁၇) ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၅၄၁၂၅၆၇**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်၊ ကျန်စစ်သားလမ်း၊ အုပ်စု (၁၁)၊ ရပ်ကွက်(၃)၊ အမှတ်(၅၄)နေ ဦးရန်နိုင်လင်း (ဘ) ဦးလှသိန်း[၁၃/တယန(နိုင်)၀၃၄၄၆၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းမင်္ဂလာအိမ်တိုက် အမှတ်(စီ-၁၁)၊ အခန်း(၁၀၂)တွင်နေထိုင်သော ဦးမောင်မောင်အောင် (ဘ) ဦးအောင်သိန်း [၉/မမန(နိုင်)၀၁၀၂၉၈] ကိုင်ဆောင်သူအမည်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေပြီး လက်ရှိလိုင်စင်သက်တမ်းတည်ရှိသော "ချင်းတွင်းနဂါး ဘုရင်မကုမ္ပဏီလီမိတက်" မှတ်ပုံတင်အမှတ်- ၁၁၅၅၃၅၉၄၃ နှင့် ပတ်သက်ဆက်နွယ်သော ကိစ္စများအား ဝယ်ယူသူ ဦးရန်နိုင်လင်းအမည်ဖြင့် **"ချင်းတွင်းနဂါးဘုရင်မကုမ္ပဏီလီမိတက်"**၏ BOD ဘုတ်အဖွဲ့တွင် ထည့်သွင်းပေးမည်ဖြစ်ကြောင်း ကတိပြုပြောဆို၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးမောင်မောင်အောင်ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးရန်နိုင်လင်း (ဘ) ဦးလှသိန်း[၁၃/တယန(နိုင်)၀၃၄၄၆၁] ကိုင်ဆောင်သူသည် အပြီးအပိုင်ဝယ်ယူရန်အတွက် (၇-၄-၂၀၂၅) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ **"ချင်းတွင်းနဂါးဘုရင်မကုမ္ပဏီလီမိတက်"** လိုင်စင်လွှဲပြောင်းရောင်းချမှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသည့် ကုမ္ပဏီနှင့်ပတ်သက်သော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက ကုမ္ပဏီလွှဲပြောင်းရောင်းချမှုနှင့်ပတ်သက်ပြီး အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **ဦးရန်နိုင်လင်း**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုဇန်မြင့်လွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၆၇)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၉၆၅၈၂၈၀၂၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃-အေ ၄)၊ ဗျိုင်းရွာမရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် (၂၀၇) ပေါ်တွင်ဆောက်လုပ်ထားသော (၄)ခန်းတွဲ (၆)ထပ်တိုက်၏ (မြေညီထပ် + ပထမထပ်)၊ ဟောင်ကောင်ပုံစံ (၂-လွှာ)၊ အခန်းအမှတ် (၃)၊ အကျယ် (၁၂'x၅၀')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၁၀-၃-၂၀၁၁)ရက်စွဲပါ "တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်"အရ ဝယ်ယူထားရှိသူ ဒေါ်နန်းနော်(ခ)ပီဟွာ [၁၃/တကန(ဧည့်)၀၀၀၇၁၅]မှ မိမိတစ်ဦးတည်းလက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၃)** |

**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၃၇၊ မြေကွက်အမှတ်- ၆၉၆၊ မြေအမျိုးအစား- နှစ်(၆၀) ဂရန်မြေ၊ အကျယ် (၄၀'x၆၀')အနက် တရားဝင်မခွဲစိတ် ရသေးသောမြေ၏ (မြေကွက်အမှတ်-၆၉၇ နှင့် ကပ်လျက်ဘက်ခြမ်း) အကျယ် (၂၀x၆၀)ပေ မြေအစိတ်အပိုင်းအပါအဝင် ယင်းမြေပေါ်ရှိ အမှတ် (၆၉၆)၊ နွယ်နီ (၁)လမ်း၊ ၁၃၇-ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်ငွေငွေဝင်း [၁၄/မမန (နိုင်) ၁၁၇၆၀၉] အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူထားရှိသူ ဦးဝင်းကိုကိုအောင် [၁၂/ဥကတ (နိုင်) ၁၇၁၂၉၃]မှ မိမိတစ်ဦးတည်းလက်ဝယ်ထားရှိ ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေ ဦးရဲညီညီ [၁၂/ဆကန(နိုင်)၀၀၂၃၇၆]က ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၃)** |

**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၉)၊ မြေကွက်အမှတ်- ၃၁၆၊ မြေဧရိယာ (၄၀ပေx ၆၀ပေ )၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၉)ရပ်ကွက်၊ အမှတ် (၃၁၆) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးမိုးရည် [၁၂/ဒဂရ(နိုင်)၀၁၉၀၀၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L] အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

